# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၅၁)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပိုလန်သမ္မတနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဘော့ဂ်ဒါန်၊ ဂိုရယ်ဂျိတ်က်သည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဘော့ဂ်ဒါန်၊ ဂိုရယ်ဂျိတ်က်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ပေးအပ်စဉ်။ (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာတီဂျဆူဒါဆန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာတီဂျဆူဒါဆန်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ပေးအပ်စဉ်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက် အမျိုးသားစည်းလုံးညီညွတ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နေခြင်းသည် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရန်အတွက် အခြေခံအုတ်မြစ်ကို ချမှတ်ဖော်ဆောင်နေခြင်း ဖြစ်သည်။ တစ်မျိုးသားလုံး၏ အတွေ့အကြုံအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ပြည်သူတို့၏အင်အားသည် ပဓာနအကျဆုံးဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံ၏သမိုင်းကို ပြန်ပြောင်းကြည့်လျှင် အမျိုးသားစည်းလုံးညီညွတ်ရေး မြင့်မားသည့် အချိန်အခါတွင် ပြည်သူတို့၏အင်အားသည် ပိုမိုအားကောင်းလာပြီး ပြည်သူတို့၏အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်၏ အင်အားပင် ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုဝင်ဘာလ ၁၇ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားရာတွင် –

**“နိုင်ငံတော်အစိုးရဟာ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူအားလုံးအတွက် ချမှတ်ကျင့်သုံးခဲ့တယ်။ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးရဲ့ ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံအုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်တယ်လို့ နိုင်ငံတော်က မမှိတ်မသုန် ယုံကြည်တယ်။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူအားလုံးရဲ့ အကျိုးစီးပွားအတွက် အမျိုးသား စည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောလိုတယ်”**

ဟူ၍ မိန့်ကြားသွားခဲ့သည်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် အဓိကအကျဆုံး လိုအပ်ချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏တာဝန်ကို ရယူပြီးသည့်နောက်တွင် တောတွင်းလက်နက်ကိုင် အင်အားစုများနှင့် ငြိမ်းချမ်းမှုရရှိစေရန် ပထမဆုံး ဦးစားပေးလုပ်ငန်း တာဝန်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသားအဖွဲ့အစည်းများကလည်း အမျိုးသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးဆုံးလိုအပ်ချက် ဖြစ်သည်ကို သိမြင်နားလည်ထားသောကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်များ အောင်မြင်လာခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲစေရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရေးတို့ကို အခြေခံသည့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒလမ်းစဉ်များကို ယုံကြည်သဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး မိမိတို့ဒေသအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် လက်တွဲညီညီကြိုးပမ်းဆောင်ရွက်လျက် ရှိကြသည်။ အချင်းချင်းယုံကြည်မှု တည်ဆောက်နိုင်ခဲ့၍ နယ်စပ်ဒေသအသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမြင့်မားတိုးတက်လာခဲ့သည်ကို မျက်မြင်ဒိဋ္ဌ မြင်တွေ့နေရသည်။

နယ်စပ်ဒေသများတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ သိသိသာသာဖွံ့ဖြိုးတိုးတက် စည်ပင်လာခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် သမိုင်း၏လိုအပ်ချက် ဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး စေတနာမှန်ဖြင့် လက်တွဲဖော်ဆောင်ခဲ့သောကြောင့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အမျိုးသားစည်းလုံးညီညွတ်ရေး အခြေခံကောင်းများလည်း တစ်ပါတည်း ဖွံ့ဖြိုးရှင်သန်လာခဲ့သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်သည် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်သည်ကို မမှိတ်မသုန် လက်ခံယုံကြည်ပြီး နိုင်ငံတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေး ခိုင်မြဲသည်ထက် ပိုမိုတိုးတက်ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ငါးမန်း၊ ဖားနှင့် ထင်းရှူးပင်မျိုးစိတ် ၁၅၀၀၀ ကျော် မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေကြုံ

**ဗန်ကောက် နိုဝင်ဘာ ၁၈**

ငါးမန်းများ၊ ဖားများမှသည် ထင်းရှူးပင်များအထိ မျိုးစိတ်ပေါင်း ၁၅၀၀၀ ကျော်သည့် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေ နှင့် ကြုံနေရကြောင်း ၎င်းအခြေအနေကို ထိန်းသိမ်းရန်နှင့် သိပ္ပံပညာရှင်များက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

မျိုးစိတ်အများအပြား လျင်မြန်စွာ အရေအတွက် လျော့လာခြင်းကို နှေးကွေးသွားအောင် သို့မဟုတ် လျော့မကျအောင် ကြိုးပမ်းလင့်ကစား ရေနှင့်ကုန်းနှစ်မျိုးနေ သတ္တဝါများ၊ ရေချိုနေလိပ်များသည် မျိုးသုဉ်းမည့် အခြေအနေရှိနေကြောင်း ဗန်ကောက်၌ကျင်းပသော ကမ္ဘာ့အခြေအနေ ထိန်းသိမ်းရေး ကွန်ဂရက်တွင် ထိန်းသိမ်းရေးအုပ်စုက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## ကျောက်မျက်နှင့် လက်ဝတ်ရတနာများ အရည်အသွေးတိုးတက်ရေး အိန္ဒိယနိုင်ငံကြိုးပမ်း

နယူးဒေလီ နိုဝင်ဘာ ၁၈

**အိန္ဒိယ ကျောက်မျက်လက်ဝတ်ရတနာလုပ်ငန်းသည် ကြီးထွားလာသော ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရာ၌ အိန္ဒိယနိုင်ငံ၏ ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများ၏ အရည်အသွေး တိုးတက်စေရန်နှင့် ဒီဇိုင်းများကို ပြောင်းလဲရန်အတွက် နိုင်ငံခြားဒီဇိုင်း ပညာရှင်များကို လုပ်ပိုင်ခွင့်ပေးလျက်ရှိကြောင်း ပီတီအိုင်သတင်းဌာနက အင်္ဂါနေ့၌ သတင်းဖော်ပြခဲ့သည်။**

**ဖော်ပြ**

ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးသော ယင်းစီမံကိန်းအရ အိန္ဒိယဒီဇိုင်းပညာရှင်များသည် ကမ္ဘာ့ဈေးကွက်၏ အကြိုက်တွေ့မှုများကို စတင်လုပ်ဆောင်လျက်ရှိပြီဖြစ်ပြီး ဂျာမနီမှ ဒီဇိုင်းပညာရှင်များကို ကမ်းလှမ်းထားသည်။ ဂျာမန်ဒီဇိုင်းပညာရှင်အဖွဲ့က အိန္ဒိယ ဒီဇိုင်းပညာရှင်များကို အကူအညီပေးကြောင်း အစီအစဉ်အုပ်ချုပ်ရေးမှူး အက်စ်ပီဘန်ဆာလ်က ပြောကြောင်း ပီတီအိုင်က ရေးသားဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီ ရုပ်မြင်သံကြား

**၂၀–၁၁–၂၀၀၄**

**(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ဝေဒနာနုပဿနာ သတိပဋ္ဌာန်”**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲအစီအစဉ်
၄း၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Regional Geography of New Zealand (တတိယနှစ်–ပထဝီဝင်)
၅း၃၅ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သပွတ်အူပမာ”** (အပိုင်း–၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ English Premier League ဘောလုံးပွဲ Middlesbrough Vs Liverpool

## နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေး ခိုင်မာစေရန်
## အာရှ–အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲပြုလုပ်မည်

စင်ကာပူ နိုဝင်ဘာ ၁၈

**အာရှနှင့် အရှေ့အလယ်ပိုင်းဒေသနှစ်ခုအတွင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူ့ယဉ်ကျေးမှု ဆက်ဆံရေးများ ပိုမိုခိုင်မာအောင် ကြိုးပမ်းရန်အတွက် လာမည့်နှစ်ဖွန်လတွင် ပထမအကြိမ် အာရှ–အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။**

အဆိုပါဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများကို အထောက်အကူပြုရန် ထိန်းကျောင်းပေးမည့် အဖွဲ့အစည်းတစ်ရပ်ကို စင်ကာပူနိုင်ငံက ထူထောင်ထားကြောင်း စင်ကာပူယာယီ နိုင်ငံခြားရေးဝန်ကြီး ကေမွန်လင်မ်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အရှေ့အလယ်ပိုင်းနှင့် အာရှနိုင်ငံ ၅၀မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

**ပေးမည်**

နှစ်ရက်ကြာ ဆွေးနွေးပွဲ၌ အရှေ့အလယ်ပိုင်း၊ အာရှနှင့် အခြားကမ္ဘာ့ဒေသများတွင် ပြောင်းလဲမှုများကိုပြသရန် အခန်းကဏ္ဍတစ်ခုကို ပေးမည်ဖြစ်သည်။ ထို့ပြင် အာရှနှင့် အရှေ့အလယ်ပိုင်းအချင်းချင်း ပိုမိုဆက်ဆံနိုင်ရေးအတွက် အခြေခံဖွဲ့စည်းမှုတစ်ရပ်ကိုလည်း ပေးမည်ဖြစ်သည်။

အီဂျစ်နိုင်ငံက ၂၀၀၆ခုနှစ်တွင် ဒုတိယအကြိမ် အာရှ–အရှေ့အလယ်ပိုင်းဆွေးနွေးပွဲကို လက်ခံကျင်းပရန် ကမ်းလှမ်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ပထမနေ့တွင် နံနက်ပိုင်း သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအုန်းမြင့်နှင့် ဦးမောင်မောင်သိမ်းတို့က ဆောင်ရွက်ကြစဉ်။**
(သတင်းစဉ်)

# အသင်းဝင်များမိမိကိုယ်မိမိ ဝေဖန်သုံးသပ်ပြီး ယုံကြည်ချက်၊ခံယူချက်ရှိသူများဖြစ်အောင်ကြိုးပမ်း

# သင်းလုံးကျွတ်အစည်းအဝေးကြီး၏ ရည်မှန်းချက်များအောင်မြင်ရေး ယုံကြည်ချက်၊ခံယူချက်ဖြင့် ဝိုင်းဝန်းဆွေးနွေး

✻ *ကျောဖုံးမှ*

မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းခင်လှညွန့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၄၄၄ ဦးရှိသည့်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၏ ပထမနေ့အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်လာကြသည့် သဘာပတိအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မိမိတို့နယ်မြေရှိမိဘပြည်သူများ၏အကျိုး၊ မိမိအသင်းကြီး၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေဟု ရေးဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

## အမျိုးသားရေးအင်အားစု

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးသည် မိမိတို့၏ အမျိုးသားရေးပန်းတိုင်ဖြစ်ကြောင်း၊ ယင်းအမျိုးသားရေးပန်းတိုင်ကိုရောက်ရန်အတွက် အမျိုးသားရေးတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် အမျိုးသားရေးအင်အားစုကြီး တစ်ရပ်ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်အတွက်အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ် မောင်မယ်များကို မဏ္ဍိုင်ပြုပြီး မွန်မြတ်မှန်ကန် လှသည့် ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ် (၁၁) ပါးနှင့် တာဝန်ဝတ္တရား(၁၄)ချက်ကို ပြဋ္ဌာန်း ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို မွန်မြတ်မှန်ကန်သည့် အမျိုးသားရေးတာဝန်ကို ထိရောက်စွာအကောင်အထည်ဖော်စေရန်အတွက် ကြီးမားသည့်ရည်မှန်းချက်များထားရှိပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အားလုံး နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကိုရအောင်၊ ရောက်အောင် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် မိမိတို့နယ်မြေ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်သွားမည်ဆိုသည်ကို ယုံကြည်ပြီးဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် ပါဝင်ဆောင်ရွက်နေကြသည်များကိုလည်း အားတက်ဖွယ်ကြားသိမြင်တွေ့နေရကြောင်း၊ အသင်းဝင်များအနေဖြင့် ဒေသခံနယ်မြေ လူထုအကျိုးရှိမည့်လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရင်း နယ်မြေလူထု၏ ခင်မင်မှု၊ ယုံကြည်မှုနှင့် အသိအမှတ်ပြုမှုများရရှိလာအောင် စည်းရုံးရေးနည်းလမ်းအားဖြင့် ဆက်လက် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားနေကြရမည် ဖြစ်ပါကြောင်း။

## ပျိုးထောင်လေ့ကျင့်

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် အသင်းဝင်များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာသည့် အရည်အချင်းပြည့်ဝသော အရေအတွက်များဖြစ်ရန် လိုအပ်ကြောင်း၊ အသင်းဝင်များအတွင်း ကျစ်လျစ်ခိုင်မာသည့် စည်းလုံးညီညွတ်မှုလည်း ရှိကြရမည်ဖြစ်ကြောင်း၊ လူတိုင်းတွင် မျှော်လင့်ချက်၊ ရည်ရွယ်ချက်များရှိကြမြဲဖြစ်ကြောင်း၊ မိမိတို့၏ရည်မှန်းချက်၊ မျှော်လင့်ချက်များသည် မုချမသွေ ပြည့်စုံအောင်မြင်ရမည်ဟု သိမှုသဘောတွင် ယုံကြည်ချက်ဖြစ်ကြောင်း၊ ယုံကြည်ချက်အပြည့်အဝဖြင့် လုပ်ဆောင်သွားမှသာ မိမိတို့၏ မျှော်မှန်းချက်များမှာလည်း အောင်မြင်ကြမည်ဖြစ်ကြောင်း၊ ယုံကြည်ချက်သည် တိကျပြတ်သားရမည်ဖြစ်ကြောင်း၊ ယိမ်းယိုင်တွေဝေမှုမရှိစေဘဲ စွဲမြဲခိုင်မာကြရမည်ဖြစ်ကြောင်း၊ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ အရာရာကိုရင်ဆိုင်ရဲသည့်သတ္တိ၊ မဖြစ်မနေလုပ်ဆောင်လိုသည့်ဖွဲ့၊ တက်ကြွသည့်ကာယစွမ်းအား၊ ထက်မြက်သော ဉာဏစွမ်းအားနှင့် အားထုတ်အပ်သော ဝီရိယစွမ်းအားများသည်လည်း ယုံကြည်ချက်ခိုင်မာမှုက ပေါက်ဖွားလာသည့်အရည်အချင်းများဖြစ်ကြောင်း၊ ယင်းအရည်အချင်းများကိုရအောင် မိမိကိုယ်မိမိ ပျိုးထောင်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ ယုံကြည်ချက်ခိုင်မာမှ ရည်မှန်းချက်ကိုပေါက်မြောက်အောင်မြင်ရမည်ဖြစ်ပါကြောင်း၊ ယုံကြည်ချက်ကို မဖြစ်မနေအကောင်အထည်ဖော်မည်ဟု စိတ်ပိုင်းဖြတ်ပြီး အကောင်အထည်ဖော်နိုင်သည့် နည်းလမ်းများအတိုင်း ကျင့်သုံးခြင်းသည် ခံယူချက်ဖြစ်ကြောင်း၊ မှန်ကန်သည်ဟု ယုံကြည်နေရုံဖြင့်မပြီးဘဲ မိမိယုံကြည်သည့် အတိုင်း အောင်မြင်ရန်ဖြစ်နိုင်သောနည်းလမ်းများနှင့် လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်စိတ်ဖြင့် လုပ်ဆောင်ခြင်းသည်စွဲမြဲသော၊ လေးနက်သော ခံယူချက်ဖြစ်ကြောင်း၊ စွဲမြဲခိုင်မာသော၊ လေးနက်သော ခံယူချက်ရှိကြသူများသာ မိမိကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများအကျိုးစီးပွားကို ဦးစားပေးလိုစိတ်၊ အနစ်နာခံလိုစိတ်၊ ပင်ပန်းဆင်းရဲမှုကို ခံနိုင်ရည်ရှိသောစိတ်၊ စည်းကမ်းရှိမှု၊ ဖွဲ့သတ္တိရှိမှု၊ မဖြစ်မနေဆောင်ရွက်လိုစိတ် စသည့် အရည်အချင်းကောင်းများနှင့် ပြည့်ဝလာကြမည်ဖြစ်ကြောင်း။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

ယုံကြည်ချက်နှင့် ခံယူချက်တို့ကလည်း ဆက်စပ်မှုရှိနေခြင်းဖြစ်ကြောင်း၊ မှန်ကန်သည့် ယုံကြည်ချက်ရှိသူသာ မှန်ကန်သောခံယူချက်ရှိမည်ဖြစ်ကြောင်း၊ စွဲမြဲခိုင်မာသည့်ယုံကြည်ချက်ရှိမှသာ ခံယူချက်သည်လည်း စွဲမြဲခိုင်မာမည် ဖြစ်ကြောင်း အသင်းဝင်များအနေဖြင့် မိမိကိုယ်မိမိ ဝေဖန်သုံးသပ်ပြီး စွဲမြဲခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်ရှိသူများဖြစ်အောင် ကြိုးပမ်းနေကြရမည် ဖြစ်ကြောင်း။

## စည်းရုံးရေးသမားကောင်း

အသင်းဝင်များအနေဖြင့် နယ်မြေအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သော အရည်အချင်းများ ပြည့်ဝနေရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေဖြင့် အသင်းဝင်များ၏ အရည်အချင်း တိုးတက်မြင့်မားလာစေရန်အတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများပြုလုပ်ပြီး ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာအောင် အတွေးအခေါ်အယူအဆဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းကောင်းများရရှိလာအောင်၊ အရည်အချင်းကောင်းများ တိုးတက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းဝင်တိုင်း ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာပြီး အရည်အချင်းပြည့်ဝသော နယ်မြေအကျိုးပြု စည်းရုံးရေးသမားကောင်းဖြစ်လာအောင် အစဉ်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့သည် မိမိတို့အသင်းကြီး၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို အနှစ်သာရရှိစွာဖြင့် ချမှတ်ထားသော ဦးတည်ချက်များအတိုင်း ကျင်းပသွားကြမည်ဖြစ်ကြောင်း၊ သင်းလုံးကျွတ်အစည်းအဝေးတိုင်းသည် တစ်နှစ်တာကာလအတွင်း ချမှတ်ပေးခဲ့သော ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို တင်ပြဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ လက်တွေ့အခြေအနေများနှင့်ကိုက်ညီသည့် အသင်းအဆင့်ဆင့်က အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ပေးသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးကာလအတွင်း ရည်မှန်းချက်များအောင်မြင်အောင် ဆွေးနွေးညှိနှိုင်းနိုင်ရေးအတွက်လည်း ပြင်ဆင်ပေးထားပြီးဖြစ်ကြောင်း၊ သင်းလုံးကျွတ်အစည်းအဝေးကြီး၏ ဦးတည်ချက်များ၊ ရည်မှန်းချက်များ ထမြောက်အောင်မြင်အောင် မိမိတို့အားလုံး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းကို ပြောကြားလိုကြောင်း။

## အခြေခံကောင်းများ

မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ မိမိတို့တွင် တိကျသည့်ရည်မှန်းချက်ပန်းတိုင် ရှိပြီးသားဖြစ်ကြောင်း၊ အသင်းကြီးစတင်ဖွဲ့စည်းခဲ့ချိန်မှစပြီး (၁၁)နှစ်တာကာလအတွင်း နိုင်ငံတော်ကချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များအတိုင်း နယ်မြေခံလူထုနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ထိုက်သင့်သော အခြေခံကောင်းများ၊ အကျိုးဖြစ်ထွန်းမှုများရရှိပြီဖြစ်ကြောင်း၊ ထိုက်သင့်သည့် အတွေ့အကြုံများလည်း ရပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဖြစ်ထွန်းပေါ်ပေါက်လာသည့် အခြေခံကောင်းများကို အခြေခံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် အဆင့်ဆင့်လုပ်ဆောင်ရမည့် တစ်ခုတည်းသော လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း အသင်းကြီးအနေဖြင့် နယ်မြေလူထုနှင့် လက်တွဲပြီး ပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်မှသာ မိမိတို့လိုချင်သော အမျိုးသားရေးပန်းတိုင်ကိုရမည်ဖြစ်သည်ဆိုသည်ကို စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ဖြစ်မြောက်အောင် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာ တောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက်လည်း ဆက်လက် တိုးမြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကိုယ်စားလှယ်များ စုစည်းခွင့်ရရှိချိန်တွင် သင်းလုံးကျွတ်အစည်းအဝေးကြီး၏ ရည်မှန်းချက်များ၊ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်အောင် စွဲမြဲခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက် သွားကြပါဟုပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

***စာမျက်နှာ ၄ သို့***



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် နံနက်ပိုင်းအခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းခိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းခင်လှညွန့်တို့က ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

# ကျေးလက်ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးပညာပေး စိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခဲ့

စာမျက်နှာ ၃ မှ

## ရှမ်းပြည်နယ်(တောင်ပိုင်း)

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို နံနက် ၉နာရီ မိနစ်၅၀တွင် ပြန်လည်ကျင်းပရာ အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို တင်ပြကြရာတွင် ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်ကျော်မြင့်က တင်ပြရာ၌ စည်းရုံးရရှိထားသည့် အသင်းဝင်များကို အရည်အသွေး၊ အရည်အချင်း စွမ်းရည်များမြှင့်တင်ရေးနှင့် အရေအတွက်မှ အရည်အချင်းသို့ ကူးပြောင်းစေရေးအတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ရာတွင် ယခုအစီရင်ခံသည့် နှစ်အတွင်း သင်တန်းအမျိုးအစားပေါင်း ၁၆ မျိုးကို နေရာပေါင်း ၃၀၃ နေရာ၌ သင်တန်းသားဦးရေ ၅၁၆၂၅ ဦးတို့အား ထက်မြက်ပြီး အရည်အချင်းရှိသော အသင်းဝင်များဖြစ်အောင် စနစ်တကျလေ့ကျင့်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် အသင်းမှ ပြည်ပနိုင်ငံများသို့ အသင်းဝင် ငါးဦးအား နိုင်ငံပေါင်း ၁၀ နိုင်ငံသို့ လေ့လာရေးစေလွှတ်ခြင်းနှင့် အသင်းဝင်တစ်ဦးတို့ကိုလည်း ပြည်ပသို့ ပညာတော်သင် စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ကျကျ သိမြင်၍ ဒေသန္တရ ဗဟုသုတများ ရရှိစေရန်အတွက် ပြည်နယ်အသင်းမှ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား အဖွဲ့နှစ်ဖွဲ့နှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသား ၇၂ ဦး စုစုပေါင်းအင်အား ၂၀၉ ဦးတို့အား မြန်မာပြည်အနှံ့ လေ့လာရေးခရီး ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မိမိတို့ဒေသအတွင်းတွင် လမ်းပန်းဆက်သွယ်ရေး အားနည်းခြင်းနှင့် နယ်မြေ မအေးချမ်းခြင်းဆိုသော ခါးသီးသည့် အတားအဆီးများကို အန်တုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသမရွေး သွားရောက်ကာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိရာတွင် ယခုအစီရင်ခံသည့် တစ်နှစ်တာအတွင်း ကျေးလက်မြေသားလမ်း အရှည် ၂၂ ဒသမ ၄ မိုင်၊ ကျေးလက်ကျောက်ကြမ်းလမ်းအရှည် ၁၂ မိုင်နှင့် တံတားလေးစင်းတို့ကို ပြုလုပ်ပေးနိုင်ခဲ့ပါကြောင်း။

ကျေးလက်နေပြည်သူများ၏ သောက်သုံးရေစနစ်တကျရရှိသုံးစွဲနိုင်ရေးအတွက် မြေအောက် ရေတူးဖော်မှုငါးခု၊ ရေသွယ်ယူမှု ၁၁ ခုတို့ကို ပြုလုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု အစီရင်ခံသည့်နှစ်အတွင်း ရေရရှိရေးနှင့် ပတ်သက်၍ အထူးဆောင်ရွက်ချက်တစ်ရပ်အနေဖြင့် ဟဲဟိုးမြို့တွင်းသို့ ရေသွယ်ယူရေးလုပ်ငန်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး မကြာမီကာလအတွင်းတွင် ဟဲဟိုးမြို့နေ ပြည်သူများသောက်ရေ၊ သုံးရေ ဝေးလံစွာ သွားရောက်ခပ်ယူရခြင်း ဒုက္ခမှ ကင်းဝေးတော့မည်ဖြစ်ပါကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းအတွက် အသင်းမှ ငွေကျပ်သိန်း ၂၈၀ ကျော် အသုံးပြု၍ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

ထို့အပြင် ကျေးရွာသူ ကျေးရွာသားများ ရေကို အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက် တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကျေးရွာအဝင် ရေထွက်မှ တစ်ဖက်ပိတ်ဆည်တစ်ခုကိုလည်း ငွေကျပ် ၂၁၃၀၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် အချက်တစ်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်စေရေးပင်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအနေဖြင့် ယင်းအချက်များကို မျက်ခြည်ပြတ်မခံဘဲ ကျေးလက်ကျန်းမာရေးဌာနခွဲသုံးခု ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်ဆေးပေးခန်းများအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း၊ ဓိဝိတဒါန သွေးလှူဒါန်းခြင်း၊ သွေးပုလင်းပေါင်း ၂၇၂ ပုလင်း လှူဒါန်းခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အခမဲ့နယ်လှည့်ဆေးကုသပေးခြင်း အစရှိသည့် လုပ်ငန်းများတွင် အသင်းဝင်ပေါင်း ၂၄၈၇၆ ဦးတို့သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့ကြပြီး ကျန်းမာရေးကဏ္ဍအတွက် အသင်းကြီးက ငွေကျပ် ၂၅၆၇၁၀၀ ကျော် သုံးစွဲ၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

### ကျေးလက်ပညာရေး

ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ကျောင်းဆောင်များ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းသုံးပရိဘောဂပစ္စည်းများ လှူဒါန်းခြင်း၊ ကျောင်းဝတ်စုံများထောက်ပံ့လှူဒါန်းခြင်း၊ ပညာရေးထောက်ပံ့ကြေးများပေးအပ်ခြင်း၊ စေတနာမူလတန်းကျောင်းခြောက်ကျောင်းမှ ဆရာမခြောက်ဦးတို့အား လစဉ်ကျပ် ၂၀၀၀၀ ထောက်ပံ့ခြင်း၊ ကျောက်တလုံး အထက Learning Center အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၂၀၀လှူဒါန်းခြင်း၊ Multi Media Classroom များအတွက် လိုအပ်သည့် ဆက်စပ်ပစ္စည်းများနှင့် နည်းပညာများ ကူညီဆောင်ရွက်ပေးခြင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မား စေရေးအတွက် နေရာပေါင်း ၂၁ နေရာတွင် ကျောင်းသား ကျောင်းသူ ၄၂၈၀ ဦးတို့အား အနီးကပ် သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးစီမံချက်တွင် ပါဝင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများတွင် အသင်းဝင်များက တက်ကြွစွာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။ ကျေးလက်ဒေသနေ ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း၍ အသုံးပြုစေရေးအတွက် ပညာပေးဆောင်ရွက်ခြင်း၊ လယ်ယာ(၁၆)လယ်ထွန်စက်များ ဝယ်ယူရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များရရှိစေရေးအတွက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခြင်း၊ ကျေးလက်အိတ်ချိန်းရုံးတစ်ရုံးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နေရာပေါင်း ငါးနေရာတွင် Cordless တယ်လီဖုန်းငါးလုံး တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် ကျေးလက်မီးလင်းရေးကော်မတီကိုဖွဲ့စည်း၍ ပြည်နယ်တွင်းရှိ ကျေးလက်မီးလင်းရေးဆောင်ရွက်နိုင်သည့် ကျေးရွာများသို့ ကွင်းဆင်းတိုင်းတာပြီး ကျေးရွာပေါင်း ၅၁ ရွာတွင် ရေအားလျှပ်စစ် ၅၈ ခုကို အောင်မြင်စွာ တပ်ဆင်ပေးနိုင်ခဲ့ပြီး မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ကုန်းခြံအထက်နှင့် အောက်ရွာ၊ သလဲဦးနှင့် ကုန်းသာကျေးရွာတို့တွင် ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခြင်း၊ ထရန်စဖော်မာအဟောင်း တိုးချဲ့ခြင်းနှင့် ပြင်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းအနေဖြင့် ညောင်ရွှေမြို့နယ် စကားကျေးရွာအုပ်စုတွင် ရွာလုံးကျွတ်မီးလင်းရေး အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လုပ်ငန်းများ စတင်တိုင်းတာဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်ကျော်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် အသင်းမှ ငွေကျပ် ၅၈သိန်း ကျခံသုံးစွဲလျက်ရှိသကဲ့သို့ ကျေးလက်မီးလင်းရေးအတွက် ငွေကြေးများအရင်းမပျောက် မတည်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအစီရင်ခံသည့် တစ်နှစ်တာအတွင်း ကျေးရွာများမှ အိမ်ခြေစုစုပေါင်း ၃၂၆၃ အိမ်နှင့် မီးသုံးစွဲသူဦးရေ ၁၂၆၅၃ ဦးတို့သည် မီးလင်းသည့် အကျိုးကျေးဇူးများကို ခံစားနေကြရပြီဖြစ်သည့်အတွက် အသင်းကြီး၏ စည်းရုံးရေးသည် ပိုမိုတိုးတက်အောင်မြင်လျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

### ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍကြီး ငါးရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်ပညာရေး၊ ကျေးလက်ကျန်းမာရေး၊ ကျေးလက်စီးပွားရေးနှင့် ကျေးလက်မီးလင်းရေးကဏ္ဍများ အကောင်အထည်ဖော်ရာတွင် စုစုပေါင်းငွေကျပ် ၃၈၅၇၇၅၉၀ အသုံးပြု၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

### လူမှုရေးလုပ်ငန်း

လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ဖွံ့ဖြိုးစေရေးအတွက် အားကစားသင်တန်း ၁၀မျိုးကို ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဘောလုံးအသင်းနှစ်သင်းကို ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စနစ်တကျစခန်းသွင်းလေ့ကျင့်ပြုစုပျိုးထောင်ထားလျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

လူမှုရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ယခုနှစ်တွင် ကြုံတောင့်ကြုံခဲ ရေကြီးခြင်းဖြစ်ပေါ်ခဲ့သည့် မြို့နယ် ခုနစ်မြို့နယ်တို့တွင် အသင်းဝင်ပေါင်း ၂၈၀၀ ကျော်တို့သည် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သည့် ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ထမင်းထုပ်များဝေငှပေးခြင်း၊ ပစ္စည်းများဝိုင်းဝန်းသယ်ယူစောင့်ရှောက်ပေးခြင်း၊ နာရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ ရေကျသွားသောအခါ မြို့ရွာသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြည်သူလူထုတို့၏ လိုအပ်ချက်များကို နေ့ညမရွေး လူအား၊ ငွေအားများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြပါကြောင်း၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသင်းအဆင့်ဆင့်မှ ငွေကျပ် ၁၄၈၂၂၀၀ ကျော်အသုံးပြု၍ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းကို တင်ပြအပ်ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် မြို့နယ်အသင်းရုံးများတွင် စာကြည့်တိုက်များကို ထူထောင်စေခြင်း၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ/စာစောင်များ လှူဒါန်းဖြန့်ဝေခြင်း၊ ကွန်ပျူတာသုံးစွဲမှုများ တိုးတက်အောင် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် ယခုနှစ်အတွင်း ကျေးလက်စာကြည့်တိုက် ၁၂ ခုနှင့် ငွေကျပ် ၁၅၆၀၀၀ ကျော်တန်ဖိုးရှိ စာအုပ်စာတမ်းများ လှူဒါန်းခြင်း၊ လူထုပညာပေးရေး ကြေညာပိုစတာများ ထပ်ဆင့်ဝေငှခြင်း၊ ကွန်ပျူတာသင်တန်း လေးကြိမ်နှင့် နည်းပညာသင်တန်း တစ်ကြိမ်တို့ကို ဖွင့်လှစ်ပြီး သိပ္ပံနှင့်နည်းပညာရပ်များ ပြန့်ပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်နယ်အသင်းအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ပုဂံလူထုအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်လာစေရေးအတွက် ပြည်နယ်အသင်းမှ ကွင်းဆင်းခြင်း (၃၅)ကြိမ်၊ ခရိုင်အသင်းများမှ (၁၅)ကြိမ်၊ မြို့နယ်အသင်းများမှ (၁၀၇)ကြိမ် ကွင်းဆင်းသည့် စည်းရုံးရေးခရီးစဉ်များတွင် အောက်ခြေအသင်းအဆင့်ဆင့်တို့နှင့် ထိတွေ့၍ ရှင်းလင်းပြောကြားစည်းရုံးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတို့အတွက် စည်းရုံးဟောပြောခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် တင်ပြသွားပါသည်။

# ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါးပြောင်းလဲစိုက်ပျိုးရာ တစ်ဧကတင်း ၂၀၀ကျော်ထွက်သည့်စံပြကွက်များစိုက်ပျိုးပြသနိုင်

## ရှမ်းပြည်နယ်(မြောက်ပိုင်း)

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်မိုးအေးက တင်ပြရာတွင် မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသူ၊ နိုင်ငံအကျိုးသယ်ပိုးလိုသူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စိတ်အားထက်သန်သူ၊ ပြည်ထောင်စုသွေးချင်းသားချင်း ဒေသခံတိုင်းရင်းသားညီအစ်ကို မောင်နှမ ၄၁၃၄၀၈ ဦးတို့အား စည်းရုံးနိုင်ခဲ့ပါကြောင်း၊ သဘောတရားနှင့်ရော လက်တွေ့ဘဝအပါအဝင် ပုဂ္ဂိုလ်ရေး ခင်မင်မှုနှင့်ပါ စည်းရုံးခဲ့သည့်အတွက် နယ်စပ်ဒေသမြို့များဖြစ်သည့် မန်ဟီးရိုး၊ မုံးကိုး၊ ချင်းရွှေဟော်၊ တာမိုးညဲစသည့်ဒေသများအထိ ကွက်ပြည့်နှင့်ဖြန့်ကြက် စည်းရုံးနိုင်ခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် ကာကွယ်ရေးတံတိုင်း၊ စည်းရုံးရေးတံတိုင်း၊ စီးပွားရေးတံတိုင်း၊ ဖွံ့ဖြိုးရေးတံတိုင်း ယင်းတံတိုင်းကြီးလေးရပ်၌ စည်းရုံးရေးတံတိုင်းကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပါကြောင်း။

### စဉ်ဆက်မပြတ်ကာကွယ်တည်ဆောက်

စည်းရုံးစုစည်းထားသည့် မိမိတို့အသင်းဝင်များကို အမျိုးသားရေး အသိအမြင်နှင့် အသင်း၏ အတွေးအခေါ်အယူအဆများခိုင်မာစေရန်၊ စွမ်းရည်ထက်မြက်သည့် အရည်အချင်းပြည့်ဝသော နိုင်ငံသားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ၂၀၀၄ ခုနှစ်အတွင်းတွင် သင်တန်းနေရာပေါင်း ၁၇၆ နေရာ၊ သင်တန်းသားဦးရေ ၇၆၁၅၇ ဦးကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပါကြောင်း၊ ယနေ့အထိ အသင်းဝင်အင်အား ၃၅၉၅၀၁ ဦး အသင်းဝင်အင်အား၏ ၈၇ ရာခိုင်နှုန်းကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ယင်းအင်အားများနှင့် မဟာမိတ်အင်အားစုများ ပူးပေါင်းပြီး ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် ကာကွယ်တည်ဆောက်နေပါကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဒေသတွင်း တည်ငြိမ်အေးချမ်းရန်လိုအပ်သကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပညာရေးမြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ပါကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်မိုးအေးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက တိုင်းနှင့်ပြည်နယ်အသီးသီး၌ ဒေသဝမ်းစာဖူလုံရေးအတွက် နည်းမျိုးစုံနှင့် ကြိုးပမ်းကြရန် အမြော်အမြင် ကြီးမားစွာနှင့် လမ်းညွှန်ခဲ့သကဲ့သို့ နက်ရှိုင်းသည့် မေတ္တာစေတနာနှင့်လည်း တဖွဖွမှာကြားခဲ့ပါကြောင်း၊ မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ နေထိုင်ကြသည့် တိုင်းရင်းသားများအနေနှင့် ယင်းလမ်းညွှန်မှာကြားချက်သည် မိဘက သားသမီးအပေါ်ထားသည့် မေတ္တာဟု ခံယူကြပါကြောင်း၊ မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်နယ်၏အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နေ့စဉ်ရက်ဆက် တစ်နေ့မပျက် လယ်ကွင်းထဲဆင်းကာ အားကြိုးမာန်တက် ပူးပေါင်းစိုက်ပျိုးခဲ့ကြပါကြောင်း။

တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည့် ခိုင်မာသော ယုံကြည်ချက်နှင့်အတူ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးရာ ယခင်က စပါးတစ်ဧက တင်း ၆၀–၇၀ ပင်အနိုင်နိုင်ထွက်နေရာက ယနေ့ တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိသည့် စံပြကွက်များကို အကောင်အထည်ဖော် စိုက်ပျိုးပြသနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မကြာမီ ကာလအတွင်းတွင် စပါးတစ်ဧက တင်း ၃၀၀ ထွက်ရှိအောင်လည်း ကြံစည်အားထုတ်စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့

20-11 (04).p65 4 3/24/05, 4:14 PM

စာမျက်နှာ ၄ မှ

## လက်တစ်ကမ်း

စပ်မျိုးစပါး မျိုးစေ့များကိုလည်း မိမိဒေသအတွင်း၌ပင် မိမိတို့အသင်းဝင်များ ကိုယ်တိုင်ပါဝင်ပြီး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်းတွင် ပြည်နယ်တစ်ခုလုံး၏ မျိုးစေ့လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် လတ်တစ်ကမ်းသာလိုပါတော့ကြောင်းကို သတင်းကောင်းပါးအပ်ပါကြောင်း။

စပါးသီးနှံသာမက နှစ်ရှည်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံကိန်း တစ်ရပ်ဖြစ်သည့် ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီဧကတစ်သိန်း ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း၌လည်း မိမိတို့ ပြည်နယ်အသင်းအနေဖြင့် မြေဧက ၅၀၀ ရယူပြီး ကော်ဖီပင်များကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဌာနချုပ်)၏ မြေလွတ်မြေရိုင်းဧက ၅၀၀၀ ဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်းကို လားရှိုးမြို့နယ် နားလျှံဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိမိတို့အသင်းဝင်များက ဝိုင်းဝန်းကူညီလျက်ရှိပါကြောင်း။

မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရာတွင် လမ်းပန်းဆက်သွယ်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း) ဆက်သွယ်သော သီပေါ-နမ့်လန်-တုံလော-ပန်ကေတုလမ်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ မိုင်းရယ်-နမ့်လောင်းလမ်း၊ တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်းများကိုလည်း အထူးဖွံ့ဖြိုးရေး မဟာဗျူဟာလမ်းများအဖြစ် တပ်မတော်သားများ၊ မိမိအသင်းဝင်များနှင့် ဆောက်လုပ်ရေးဝန်ထမ်းများပူးပေါင်း၍ အဆင့်မြှင့်တင် ဖောက်လုပ်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် မန်တုံ-မိုးမိတ်လမ်း၊ သိန္နီ-ကွမ်းလုံကားလမ်းပေါ်ရှိ သဲတောင်ရှောင်ကွင်းလမ်း၊ နမ့်မျှော်-မိုင်းယော်-မုန်းကျတ်လမ်း၊ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်လမ်းနှင့် ဝက်ဝံ-တောင်းခမ်းလမ်းတို့ကိုလည်း ဖောက်လုပ်လျက်ရှိပါကြောင်း။

ယခင်က သံလွင်မြစ်ကို ဖြတ်ကူးသော ကွမ်းလုံကြိုးတံတား တစ်စင်းသာ ရှိခဲ့ရာမှ ယခုအလျား ပေ ၆၀၀ ရှိသော သံလွင်တံတား(တာပါး)ကို ထပ်မံတည်ဆောက်လျက်ရှိရာ ပြီးစီးပါက လောက်ကိုင်-ကုန်းကြမ်းဒေသရှိ ကိုးကန့်တိုင်းရင်းသားများသည် တာရွှေထန်-မုံးစီး-တာမိုးညဲဒေသမှတစ်ဆင့် အချိန်တိုအတွင်း ခရီးပေါက်နိုင်တော့မည် ဖြစ်ပါကြောင်း၊ ထို့အပြင် အလျားပေ ၄၀၀ ရှိသော ရွှေလီမြစ်ကူးတံတားတစ်စင်းနှင့် အလျားပေ၄၇၀ ရှိသော ဒုဋ္ဌဝတီမြစ်ကူးတံတားတစ်စင်းကိုလည်း တည်ဆောက်လျက်ရှိရာ ပြီးစီးပါက **‘လမ်းနှင့်တံတား ပြည့်စွမ်းအား’** ဆိုသည့်အတိုင်း နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအထောက်အကူ ဖြစ်လာမည်ဖြစ်ကြောင်းကို ဝမ်းသာအားရတင်ပြအပ်ပါကြောင်း။

## ရွှေလီရေအားလျှပ်စစ်

လျှပ်စစ်စွမ်းအား ပြည်ထွန်းကားရေးအတွက် နမ့်ခမ်းမြို့နယ်၌ မဂ္ဂါဝပ် ၄၀၀ အင်အားရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်နေပါကြောင်း၊ စီမံကိန်းက တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၇၀၄၂ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်မြင့်လာပြီး စက်မှုလုပ်ငန်းများလည်း ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ် သာမက ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးကိုလည်း ရွှေလီရေအား လျှပ်စစ်ဓာတ်အားကို ပို့လွှတ်ဖြန့်ဖြူးနိုင်တော့မည် ဖြစ်ကြောင်းကို ကြေညာမောင်းခတ်လိုက်ပါကြောင်း၊ ကျေးလက်ပြည်သူများ၏ ဘဝမြှင့်တင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များနှင့်ပူးပေါင်းပြီး မြေသားလမ်း မိုင် ၄၀ ဖောက်လုပ်ပေးနိုင်ခဲ့သကဲ့သို့ ကိုးမိုင် ငါးဖာလုံကို ကျောက်ခင်းပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်ဒေသရေပေးရေးလုပ်ငန်း ၄၁ခုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ဇူလိုင်လတွင်တစ်ကြိမ် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၊ မြို့များနှင့် ကျေးရွာကြီးများသို့ ကွင်းဆင်းပြီး ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက်ဒေသ ချို့တဲ့နွမ်းပါးသော ကျောင်းသားများအတွက် ဗလာစာအုပ်များ လှူဒါန်းခဲ့သကဲ့သို့ တိုက်နယ်ဆေးရုံးများအတွက် လိုအပ်သော ဆေးဝါးများ၊ ခွဲစုပ်စက်၊ ဓာတ်မှန်၊ ခွဲစိတ်ခုတင်နှင့် ဆေးရုံသုံးပစ္စည်းများကိုလည်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပါကြောင်း။

အထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ မူလတန်းလွန်ကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း တစ်ကျောင်းကို တိုးမြှင့်ခွင့်ပြုခဲ့သကဲ့သို့ ကျေးလက်ကျန်းမာရေးဌာနနှင့် တိုက်နယ်ဆေးရုံများကိုလည်း အဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း။

## ထောက်ပံ့ပေးနိုင်

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကျောင်းနေအရွယ် ကလေး ၄၀၀၀၅ ဦးအား ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ခဲ့သကဲ့သို့ အခြေခံပညာအထက်တန်းအောင်ချက်မြင့်မားရေးအတွက်လည်း အထောက်အကူသင်တန်းများကို နေရာပေါင်း ၁၉ နေရာ၌ ဖွင့်လှစ်ပြီး အသင်းဝင် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူပေါင်း ၂၂၅၀ အား သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ‘ဝ’ဒေသနှင့် ကိုးကန့်ဒေသမှ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်စရိတ် ငွေကျပ် ကိုးသိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် နိုင်ငံတော်အစိုးရ၏ စေတနာကို ပညာရေး၊ ကျန်းမာရေးတိုးတက်မှုများနှင့် ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါကြောင်း၊ ဥပမာတစ်ခုတင်ပြရလျှင် ၃၃ မိုင်သာ ကွာဝေးသည့် လားရှိုးမြို့နှင့် သိန္နီမြို့ကြား၌ ရှမ်း၊လားဟူတိုင်းရင်းသားများ နေထိုင်ရာ မိုင်းလီကျေးရွာ တည်ရှိပါကြောင်း၊ ယင်းကျေးရွာ၌ အဆင့်မီ ကျေးလက်ကျန်းမာရေးဌာနတစ်ခု ရှိသကဲ့သို့ မနီးမဝေးက ကချင်သွေးချင်းများ နေထိုင်သည့် စံလောင်းကျေးရွာ၌လည်း ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း အပြည့်အစုံပါဝင်သည့် တိုက်နယ်ဆေးရုံတစ်ရုံကိုလည်း ဖွင့်လှစ်ပေးထားပါကြောင်း၊ သံလွင်မြစ်အရှေ့ခြမ်း ‘ဝ’ဒေသ လွယ်ပန်လုံနှင့် တာကော်အက်အကြား၌ ‘ဝ’တိုင်းရင်းသား ကျေးရွာ ငါးရွာသာရှိကြောင်း၊ သို့ရာတွင် မူလတန်းကျောင်းသစ် ငါးကျောင်းကို ဆောက်လုပ်ပေးခဲ့သကဲ့သို့ ကျေးလက်ဆေးပေးခန်း သုံးခုကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် လိုအပ်သည်ထက်ပင် ပိုပြီး ဖြည့်ဆည်းပေးထားသည့် နိုင်ငံတော်အစိုးရနှင့် ဆက်စပ်ဝိုင်းဝန်းပေးခဲ့သည့် မိမိတို့အသင်းကြီး၏ စေတနာကို ဒေသခံ ‘ဝ’တိုင်းရင်းသားများက နားလည်သဘောပေါက်ပြီး ဝမ်းပန်းတသာ ကြိုဆိုနေကြပြီဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်စက်ငယ်များ တပ်ဆင်နိုင်ရေးအတွက်လည်း မိမိတို့အသင်းဝင်များက ပါဝင်စည်းရုံး ကူညီနိုင်ခဲ့ပါကြောင်း၊ ကျေးရွာပေါင်း ၁၀ ရွာကို နည်းပညာအရ ကူညီပြသတပ်ဆင်ပေးခဲ့ပြီး ကျေးရွာကိုးရွာ၌ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ လာမည့်နှစ်အတွင်းတွင် ကျေးရွာပေါင်း ၁၆ ရွာ မီးလင်းနိုင်ရေးအတွက် ဝိုင်းဝန်းကူညီသွားမည်ဖြစ်ပါကြောင်း၊ သိန္နီမြို့နယ် မိုင်းလီစံပြကျေးရွာတွင် ကီလိုဝပ် ၁၀ ကောင်အားရှိသည့် ရေအားလျှပ်စစ်စက်တစ်လုံးကို အသင်းရန်ပုံငွေ ကျပ် ၆၅သိန်း အကုန်အကျခံကာ တည်ဆောက် ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း၌ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် မိမိတို့အသင်းကြီး၏ စေတနာကြောင့် တိုင်းရင်းသားပြည်သူများ နေထိုင်သည့် ကျေးရွာတော်တော်များများ၌ လျှပ်စစ်ဓာတ်အားရရှိနေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် **‘ဟိုတောင်ပေါ်က မီးထိန်ဝေ ဒီတောင်ပေါ်က မီးထိန်ဝေ ဓာတ်မီးထိန်ထိန်လွှမ်းပါတဲ့ ရှမ်းရိုးမမြေ’** ဟု ပြောနိုင်ပြီ ဖြစ်ကြောင်းကို ဂုဏ်ယူစွာ တင်ပြအပ်ပါကြောင်း။

## ခိုင်မာစွာတည်ဆောက်

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းအဆင့်ဆင့်၌ အသင်းသူအသင်းသားများ၏ စားဝတ်နေရေး ပြည့်စုံရေး၊ စီးပွားရေး ချောင်လည်ရေးအတွက်လည်း တတ်နိုင်သမျှ ကူညီလျက်ရှိပါကြောင်း၊ နောင်ချိုမြို့နယ် ကန့်ကော်ကျေးရွာရှိ အသင်းပိုင်မြေ ဧက ၆၅၀ တွင် လယ်ဧက ၁၀၀ကို ဖော်ထုတ်ပြီး လယ်ယာမြေမဲ့ အသင်းဝင် တောင်သူလယ်သမား ၅၅ ဦးအား စိုက်ပျိုးလုပ်ကိုင် စားသောက်နိုင်ရေးအတွက် ခွဲဝေပေးခဲ့သည့်အပြင် စပ်မျိုးစပါး မျိုးစေ့ဝယ်ယူရန် ငွေကျပ် ငါးသိန်းနှင့် ထွန်ယက်ရန် စက်သုံးဆီ ဂါလံ ၂၀၀ ကို အခမဲ့ ထုတ်ပေးခဲ့ပါကြောင်း၊ မိမိတို့အသင်း၏ အပြောမဟုတ် အလုပ်ဖြင့် သက်သေပြ လက်တွေ့လုပ်ဆောင်ချက်ကြောင့် နောင်ချိုဒေသတွင် မိမိတို့ စည်းရုံးရေး အုတ်မြစ်ကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ပါကြောင်း။

မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးကြောင့် ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်းများဖြင့် နာမည်ပျက်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် ဒေသတာဝန်ရှိသူများ ဦးဆောင်မှုဖြင့် မိမိတို့ အသင်းဝင်များ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ပြီး ဖြစ်ပါကြောင်း၊ ယခင်က ဘိန်းစိုက်ပျိုးခဲ့သူ ဒေသခံတိုင်းရင်းသားများအတွက် ပန်းတိုင်သစ် စီမံကိန်းနှင့် ဘိန်းအစားထိုးသီးနှံမျိုးစေ့များ၊ ပျိုးပင်များကို မိမိတို့ အသင်းဝင်များကိုယ်တိုင် ကျေးရွာများအထိ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်းကို မုဒိတာပွားနိုင်ရေးအတွက် တင်ပြအပ်ပါကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ မိဘသဖွယ် နက်ရှိုင်းသည့် မေတ္တာ၊စေတနာနှင့် ညွှန်ပြချက်ကို မိမိတို့အနေဖြင့် တွေဝေယိမ်းယိုင်ခြင်း အလျှင်းမရှိဘဲ မမိုတ်မသုန်၊ တစ်သဝေမတိမ်း လိုက်နာကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဆိုသည့် ဤလမ်းဤခရီးတွင် အခက်အခဲပေါင်းမည်မျှပင် ကြုံတွေ့ပါစေ၊ ခလုတ်တံသင်းမည်မျှပင် ပြည့်နှက်နေပါစေ တုံးတိုက်တိုက် ကျားကိုက်ကိုက် မရောက်ရောက်အောင် ဖြတ်သန်း၊ ကျော်လွှား၊ ချီတက်ကြရမည်သာ ဖြစ်ကြောင်း မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းဝင်များ အပါအဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးက အလေးအနက် သန္နိဋ္ဌာန်ချမှတ် ထားပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

# အသင်းအစီအစဉ်ဖြင့် ကျေးရွာ ၂၁ရွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့
# ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်နိုင်ရေးဆေးပေးခန်းများတည်ဆောက်ပေးနိုင်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဖေက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစောဖေက တင်ပြရာတွင် နိုင်ငံတော်အတွင်း လူသားစွမ်းရည် အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development)အတွက် ဗဟိုက ဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများသို့ သင်တန်းသားများအား တက်ရောက်စေခြင်းဖြင့် မိမိအသင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း။

၎င်းအပြင် ပြည်နယ်အတွင်း၌ မြို့နယ်အသီးသီးတို့တွင် စာရိတ္တမြှင့်တင်ရေးသင်တန်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း၊ အမှုဆောင်များအခြေခံဆင့်ပွားသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် အခြားသင်တန်း ၁၁မျိုးကို နေရာပေါင်း ၅၁၅ နေရာတွင် သင်တန်းသား ၂၉၂၃၈ ဦးအား သင်တန်းပေးနိုင်ခဲ့သည့်အတွက် ယမန်နှစ်ကထက် အသင်းသား ၁၀၃၂၈ဦး ပိုမိုသင်တန်းပေးနိုင်ခဲ့ပါကြောင်း၊ အစီရင်ခံသည့်ကာလအတွင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၁၀ မြို့နယ်ရှိ အသင်းသားများ ပိုမိုကျစ်လျစ်ခိုင်မာရေးကို ဦးတည်၍ မြို့နယ်အသီးသီးတွင် အဖွဲ့စိတ်၊ အဖွဲ့စုများကို ရပ်ကွက်/ကျေးရွာအဆင့်အထိ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

## ကူညီဆောင်ရွက်

ပထမဦးဆုံး လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာစေရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လေးမြို့နယ်၌ ကျေးလက်လမ်း ကိုးလမ်း စုစုပေါင်း ၇၆ မိုင်အတွက် စည်ပင်သာယာနှင့် ပူးပေါင်း၍ မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် တိုးမြှင့်ပေးရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျောက်ချခြင်း၊ ကျောက်သယ်ခြင်းကို ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျေးရွာအုပ်စုတစ်အုပ်စုနှင့်တစ်အုပ်စု သွားလာရေးကိုလွယ်ကူစေသည့် တံတား နှစ်စင်းကိုလည်း ငွေကျပ် ၆၃ သိန်း ပံ့ပိုးကာ တံတားပြီးမြောက်ရေးအတွက် ကူညီဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးလက်သောက်သုံးရေကောင်း ရေသန့်နှင့် စိုက်ပျိုးရေရရှိရေးအတွက် လက်တွင်းတူး ၃၀ တွင်း၊ ရေပိုက်သွယ်ခြင်းလုပ်ငန်းGravity Flow ဖြင့် ကျေးရွာရှစ်ရွာအတွက် သွယ်တန်းပေးခြင်းကိုလည်းကောင်း၊ ကျေးရွာ ကိုးရွာတွင် ရေလှောင်ကန် ကိုးကန်ဆောက်လုပ်ပေးခြင်းကိုလည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာနမှ ၁၆ ဒသမ၁၇၅ သိန်းဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ် ငါးခုမှ ကျေးရွာပေါင်း ၁၅ရွာကို ယခုနှစ် ဩဂုတ်လအတွင်း ဗဟိုမှ ခွင့်ပြုငွေကျပ် သိန်း ၅၀နှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေအချို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၎င်းအပြင် စက်တင်ဘာလအတွင်း ဗဟိုမှ ထပ်မံခွင့်ပြုငွေကျပ် သိန်း ၁၀၀ အနက် သိန်း ၆၀ ကို နာယက တိုင်းမှူး၏ မှာကြားချက်အရ မြို့နယ်ခြောက်မြို့နယ်ကို ရေအားလျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် ယခုနှစ်အတွင်း အသင်းအစီအစဉ်ဖြင့် ကျေးရွာပေါင်း ၂၁ ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

## ကျေးလက်စီးပွားရေး

ကျေးလက်စီးပွားရေး အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးကိစ္စ၊ လယ်များ တမန်းနှိုးခြင်း၊ ပေါင်းမြက်ရှင်းခြင်းနှင့် ဓာတ်မြေဩဇာပက်ကျွေးခြင်း၊ ဒေသတွင် ဖြစ်ထွန်းအောင်မြင်မည့် သီးပင်စိုက်ပင်မျိုးများ ဖြန့်ဖြူးရာ၌ ကူညီခြင်းကိစ္စ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် အသင်းဝင်များက ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကိစ္စတွင် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် အခြားကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများအကြောင်း ဟောပြောရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးနှင့် ဆေးလိပ်မသောက်ရေး၊ သန့်သုံးသန့် စီမံချက်နှင့် အခြားကျန်းမာရေးစီမံချက်များတွင် အသင်းဝင်ကျန်းမာရေးဝန်ထမ်းများက ဟောပြောဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ကျေးလက်နေလူထုကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ကျေးလက်ဆေးပေးခန်း ငါးခုကို ငွေကျပ် ၇၅ သိန်းဖြင့် ကူညီပံ့ပိုးတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသပညာရေး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းပြုပြင် တည်ဆောက်ခြင်းတွင် ကျောင်း ၁၈ကျောင်းအတွက် ၂၁၇ဒသမ၅ သိန်း ကူညီပံ့ပိုးခြင်း၊ ကျောင်းဆရာမ ၁၂ ဦးအား တစ်နှစ်လျှင် ၆ ဒသမ ၈သိန်း ထောက်ပံ့ခြင်း၊ ကျောင်းနေအရွယ် ကလေးငယ် ၁၆၂၀၉ ဦးအား ကျောင်းအပ်နှံရေးအတွက် ကူညီနိုင်ခဲ့သည့်အပြင် ကျောင်းနေလွန်နှင့် သက်ကြီးရွယ်အို ၁၉၅၄၉ ဦးအား စာတတ်မြောက်ရေးအတွက် အသင်းဝင်၆၃၈ဦးက နည်းပြအဖြစ် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို တင်ပြလိုပါကြောင်း။

## ကျေးလက်ဆက်သွယ်ရေး

ကျေးလက်ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျိုင်းတုံမြို့နယ်တွင် ကျေးရွာအုပ်စုသုံးစု၌ ကျေးလက်တယ်လီဖုန်း တည်ဆောက်ပေးမှုတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် တင်ပြသွားသည်။

စာမျက်နှာ ၆ သို့

# ကျောင်းနေအရွယ်ကလေး၆၃၅၂၃ဦးအား ကျောင်းအပ်နှံပေးခဲ့ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးစည်းရုံးနိုင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၅ မှ

## ရောဝတီတိုင်း

ဆက်လက်၍ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးက တင်ပြရာတွင် အသင်းဝင်များနှင့် ကင်းကွာမှုမရှိစေရေး၊ ရရှိပြီးသောအသင်းဝင်များအား အရေအတွက်မှ အရည်အချင်းပြည့်ဝစေရေးအတွက် ဗဟိုမှဖွင့်လှစ်သော သင်တန်း ၁၃မျိုး၌ ၁၆၀၂ဦး၊ တိုင်းအတွင်းဖွင့်လှစ်သော သင်တန်း ၂၆ မျိုးတွင် ယနေ့အထိ အသင်းဝင် ၂၆၁၄၇၂၈ ဦးအား တက်ရောက်လေ့ကျင့်စေခဲ့ပြီး အသင်းဝင်ဦးရေ၏ ၆၄ ဒသမ ၄၆ ရာခိုင်နှုန်းကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း။

## စွမ်းစွမ်းတမံဆောင်ရွက်

လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍအနေဖြင့် စပ်လျဉ်းပြီး ဘာသာရေးလုပ်ငန်းဆောင်ရွက်မှုအဖြစ် စုပေါင်းဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ခြင်း၊ တိုင်းအတွင်း ကထိန်အာနိသင်မရသည့် ကျောင်းပေါင်း ၆၁ ကျောင်းအား ကထိန်ခင်းနိုင်ရေးဆောင်ရွက်ခြင်း၊ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ဆောင်ရွက်ခဲ့ရာ ဆွမ်းဆန်အိတ် ၄၁၆၈ အိတ်နှင့် ဆီ၊ ဆား၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်နှင့် ငွေ ၃၅၃၄၉၁၅ ကျပ်ကို လှူဒါန်းနိုင်ခဲ့ပါကြောင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့် ပူးပေါင်း၍ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များတွင် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ AIDS ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးလုပ်ငန်း၊ ဟောပြောပွဲများ၊ သန့်ရှင်းရေးလုပ်ဆောင်ခြင်းများ၊ မြို့နယ်များတွင် အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်၊ မြို့နယ်များအလိုက် အသင်းဝင်များဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ရောဝတီတိုင်းအတွင်း မြစ်ရေကြီးမှုကြောင့် ဗဟိုအလုပ်အမှုဆောင် (တိုင်းတာဝန်ခံ) ကိုယ်တိုင် ကွင်းဆင်း၍ မြို့နယ် ၁၆မြို့နယ်ရှိ အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ တာတမံ ကျိုးပေါက်မည့် အနေအထားရှိမည့် ထူးပေါက်များကို ကြည့်ရှုစစ်ဆေး၍ ရေခွေများချခြင်း၊ အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုစေခြင်း၊ တာများနိမ့်ကျခြင်း၊ အက်ကွဲခြင်းများကို အချိန်မီ အသင်းဝင်အင်အား ၅၀၀၀၀ကျော်ဖြင့် ရှေ့တန်းက ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ ရေဘေးကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဗဟိုဌာနချုပ်မှ လှူဒါန်းသည့် ဆန်အိတ် ၂၀၀၊ တိုင်းတာဝန်ခံက လှူဒါန်းသည့် ဆန်အိတ် ၂၅၀ နှင့် ဒေသခံပြည်သူများက လှူဒါန်းသည့် ဆန်အိတ် ၅၀၀ ကျော်၊ စုစုပေါင်း ဆန်အိတ် ၉၅၀ ကျော်ဖြင့် ရေဘေးသင့် မိသားစုများအား နေ့စဉ် အမာခံ အမျိုးသမီးများက ချက်ပြုတ်၍ ပွဲထောင်များ၊ လှေများဖြင့် ဖြန့်ဝေခြင်း၊ ရေဘေးသင့် ပြည်သူများအား အခမဲ့ နယ်လှည့်ဆေးကုသပေးခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ အဝတ်အထည်များ တန်ဖိုးအားဖြင့် ၁၆၃ သိန်းဖိုးခန့် ပေးအပ်လှူဒါန်းခြင်းများကို ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများအား အသင်းအားဖြင့် ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အတွင်းရေးမှူး ဦးတင်ထွတ်၊ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းအောင်၊ ဦးသန်းဌေးနှင့် တိုင်းတာဝန်ခံတို့က ရေကြီးသည့်ဒေသများသို့ ကွင်းဆင်း၍ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ပြည်သူများအား တွေ့ဆုံအားပေး၍ လိုအပ်သည့် ကန်ကြီးထောင့်မြို့နယ်အတွက် အထွေထွေအတွင်းရေးမှူးက ပီနံအိတ် ၅၀၀၀၊ တိုင်းအတွင်း ရေဘေးသင့်နေရာများ အသုံးပြုရန်အတွက် တိုင်းတာဝန်ခံက ပီနံအိတ် ၃၀၀၀၀၊ ဦးသိန်းအောင်နှင့် ဦးသန်းဌေးတို့က ဟင်္သာတ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း၆၀ကျော် တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းပေးနိုင်ခဲ့ပါကြောင်း။

## အခမဲ့ဆေးဝါးကုသ

ကျန်းမာရေးဆောင်ရွက်မှုအနေဖြင့် တိုင်းအသင်းက ဖွင့်လှစ်ထားသော ကျုံပျော်မြို့နယ် အထောက်တိုက်နယ်ဆေးရုံတွင် မြို့နယ်အလုပ်အမှုဆောင် ဒေါက်တာ စိုးသူရက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ ဆောင်ရွက်ခဲ့ရာ ၁၉၉၈ခုနှစ်မှ ယနေ့အထိ လူနာပေါင်း ၆၂၀၀၂ ဦးအား ဆေးဝါးကုသမှု ပြုလုပ်ပေးနိုင်ခဲ့ပြီး သားဖွားဆောင်နှင့် ခွဲစိတ်ခန်း၊ ခွဲစိတ်မှန်ဆောင်၊ ဝန်ထမ်းသုံးစက်ရေတွင်း တစ်တွင်း ဆောက်လုပ်တူးဖော်ပေးနိုင်ခဲ့ပါကြောင်း၊ထို့အပြင် အသင်းအဆင့်ဆင့်က အခမဲ့နယ်လှည့် ဆေးကုသခြင်းများ ဆောင်ရွက်ရာတွင် နေရာပေါင်း ၁၈၆ နေရာ၌ အကြိမ် ၁၈၀တွင် လူနာ ၂၂၃၂၃ ဦးအား တိုင်းဆေးရုံကြီးက အထူးကုဆရာဝန်များ၊ အသင်းအလုပ်အမှုဆောင် ဆရာဝန်များဖြင့် အခမဲ့ ဆေးဝါးကုသပေးနိုင်ခဲ့ပါကြောင်း။

ပညာရေးမြှင့်တင်မှုအဖြစ် ၂၀၀၄ ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အသင်းရုံး ၁၇ နေရာတွင် ဆရာ ဆရာမ ၂၀၆ ဦးက ကျောင်းသား ကျောင်းသူ ၁၅၂၆ ဦးတို့ကို သင်ကြားပို့ချပေးနိုင်သည့်အပြင် နေရာ ကိုးနေရာတွင် တက္ကသိုလ်မှ ဆရာ၊ ဆရာမ ၅၄ ဦးက ကျောင်းသား ကျောင်းသူ ၄၉၄၉ ဦးတို့အား အနီးကပ် သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ပညာရေးရာကဏ္ဍ ဆောင်ရွက်မှုအနေဖြင့် အသင်းဝင်များ ဗဟုသုတတိုးပွားရေးအတွက် သင်တန်းများ ဖွင့်လှစ်ရာ တိုင်းအတွင်း မြန်မာဖွံ့ဖြိုးရေးလေ့လာမှု(ဆင့်ပွား)သင်တန်းအပါအဝင် သင်တန်း ၁၈မျိုးတွင် သင်တန်းသားသင်တန်းသူ ၃၁၀၈၈၂ ဦးတို့အား သင်ကြားပေးနိုင်ခဲ့ပြီး တိုင်းအတွင်း ကျေးလက်စာကြည့်တိုက်၊ စာဖတ်ခန်း ၁၇၉ ခု ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ စာအုပ်၊ ဂျာနယ်များ ဖြန့်ဝေမှုအနေဖြင့် ဗဟိုဌာနချုပ်မှ ဖြန့်ဝေသော စာအုပ်ပေါင်း ၄၆၈၆၂၂ အုပ်နှင့် CD-Romများ၊ ရွှေနိုင်ငံဂျာနယ်များ၊ သတင်းလွှာများ၊ စာစောင်များ၊ တိုင်းအတွင်း ထုတ်ဝေသည့် တိုင်းဧရာစာစောင်များကို ကျေးလက်ဒေသစာကြည့်တိုက်များအရောက် ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း။

## တိုးချဲ့တပ်ဆင်နိုင်

ဧရာဝတီတိုင်းအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပညာရေးလုပ်ငန်းတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူ ၆၃၅၂၃ ဦးအား ကျောင်းအပ်နှံပေးခြင်း၊ ပုံနှိပ်စာအုပ် အုပ်၃၀၀၊ ဗလာစာအုပ် ၄၀၀၀ ဒသမ ၅ ဒါဇင်နှင့် ငွေသား ၄၁၆၈၈၃ ကျပ် ထောက်ပံ့ခြင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၉၀ ကျောင်းကို ပြုပြင်ခြင်း၊ ပရိဘောဂများ ပြုလုပ်လှူဒါန်းခြင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ကျေးလက်ဆေးခန်း ၁၁၉ ခန်းကို ဆောက်လုပ်ပြုပြင်ပေးခြင်း၊ ကျေးရွာချင်းဆက် လမ်းပေါင်း ၁၆၈လမ်း၊ အရှည် ၂၂၀ ဒသမ ၆ မိုင်ကို ဖောက်လုပ်ပေးခြင်း၊ တံတား ၉၇ စင်းကို ဆောက်လုပ်ပေးခြင်း၊ ကျေးလက်ရေရရှိရေး ဆောင်ရွက်ရာတွင် အဝီစိတွင်း ၁၃၀၊ ရေကန် ၂၁၆ ကန်ကို တူးဖော်ပေးနိုင်ခဲ့ခြင်းတို့သည် တိုင်းအတွင်း အသင်းအဆင့်ဆင့်မှ တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံက ယခုနှစ်အတွင်း ငွေကျပ် ၃၆၅၂၇ ဒသမ ၂၆ သိန်းကျော် ပံ့ပိုးပေးနိုင်ခဲ့သည့်အတွက် အသင်းများက ဆိုင်းဘုတ်များ စိုက်ထူကာ ဒေသခံစည်ပင်သာယာရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ကျေးလက်နေပြည်သူများ စီးပွားရေးဘဝ မြှင့်တင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေသြဇာရရှိရေး၊ မျိုးကောင်း၊မျိုးသန့် ရရှိရေးတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စည်းရုံးပေးခြင်း၊ ဒေသကြက်မွေးမြူရေးကို အသင်းရှိ အမှုဆောင်များနှင့် အမာခံအသင်းဝင်များ စံနမူနာဖြစ်အောင် မွေးမြူစေခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ကျေးလက်မီးလင်းရေးအတွက် မြောင်းမြမြို့ ပရဟိတကျောင်းတွင် ၂ ဒသမ ၅ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်အား တပ်ဆင်ပေးနိုင်ခဲ့ပြီး တိုင်းအတွင်း တိုးချဲ့တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသွားသည်။

# ရရှိပြီး စည်းလုံးညီညွတ်ခြင်း၊တည်ငြိမ်ခြင်း၊အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းကာကွယ်မည်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘီဆားရ်အောင်က ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)



## ကချင်ပြည်နယ်

ယင်းနောက် ကချင်ပြည်နယ် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘီဆားရ်အောင်က တင်ပြရာတွင် အသင်း၏ အခြေခံအကျဆုံးဖြစ်သည့် စည်းရုံးရေးကဏ္ဍအတွက် သော့ချက်ဖြစ်သော လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍကို အစီရင်ခံလိုပါကြောင်း၊ ယခုနှစ်အတွင်း သာရေးလုပ်ငန်း (၁၆၃)ကြိမ်၊ နာရေးလုပ်ငန်း(၈၃)ကြိမ်၊ လူမှုရေးဆိုင်ရာ (၈၂)ကြိမ်၊ ပညာရေးဆိုင်ရာ (၈၆)ကြိမ်၊ ကျန်းမာရေးဆိုင်ရာ (၁၄၇) ကြိမ်၊ လူငယ်ကဏ္ဍဆိုင်ရာ (၄၃)ကြိမ်၊ အမျိုးသမီးထုဆိုင်ရာ အကြိမ်(၂၀)၊ အားကစားဆိုင်ရာ (၂၆)ကြိမ်၊ စာပေဆိုင်ရာ (၄၄)ကြိမ်၊ အနုပညာဆိုင်ရာ (၂၄) ကြိမ်တို့တွင် အသင်းဝင်ဦးရေ ၄၂၄၉၇ အသီးသီးတို့သည် တက်ကြွစွာ ပါဝင်လှုပ်ရှားနိုင်ခဲ့ကြပါကြောင်း။

## တိုးချဲ့ဆောင်ရွက်

ယင်းလုပ်ငန်းများတွင် အသင်းက ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့မှု ပမာဏမှာ ကျပ်ငွေအားဖြင့် ၂၅၅၉၉၂၇၀ ဒသမ ၀၀ ရှိပါကြောင်း၊ ပြည်နယ်တာဝန်ခံ၏ မှာကြားပံ့ပိုးပေးမှု၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ကရုဏာလူမှုရေးအသင်းကို နိဗ္ဗာန်ယာဉ် မော်တော်ကားသုံးစီးဖြင့် မြစ်ကြီးနားနှင့် မိုးညှင်းမြို့နယ်များတွင် တည်ထောင်ပေးနိုင်ခဲ့ပြီး မြို့၏ နာရေးလုပ်ငန်းများတွင် အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ဆက်လက်ပြီး လာမည့်နှစ်တွင် မိုးကောင်း၊ ရွှေကူ၊ ဗန်းမော်မြို့များ၌ တိုးချဲ့ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားပါကြောင်း။

၂၀၀၄ ခုနှစ် ဇူလိုင် ၁၈ရက်မှ ၂၀ ရက်အတွင်း ဧရာဝတီမြစ်ရေကြီးမှုကြောင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ချီဖွေ၊ပူတာအိုမြို့နယ်များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ ယင်းကာလတွင် အသင်းဝင် ၅၀၀၀ ကျော်တို့သည် ရေလွှမ်းမိုးမှု မဖြစ်မီ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခြင်း၊ ရေလွှမ်းမိုးနေစဉ် ရေဘေးသင့်သူများအား ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရေလွှမ်းမိုးမှုဖြစ်ပြီးနောက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ငွေကြေးအားဖြင့် ကျပ် ၃၆၁ သိန်းကျော် ရေဘေးသင့် ပြည်သူများအား ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

## စည်းရုံးရေးကိုတည်ဆောက်

မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်းကြောင်းတစ်လျှောက် ပြည်သူ့စွမ်းအားစုအသွင်ဖြင့် လမ်းပြုပြင်ဖောက်လုပ်မှုတွင် ဒေသ၏ ကြမ်းတမ်းမှုများကို အမှုမထားဘဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျစ်လျစ်ခိုင်မာသည့် စည်းရုံးရေးကို တည်ဆောက်နိုင်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်အနေဖြင့် အသင်း၏ ရှေ့လုပ်ငန်းစဉ်၌ ချမှတ်ထားသည့်အတိုင်း တတိယငါးနှစ် စီမံကိန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အကျဉ်းချုပ်တင်ပြရမည်ဆိုလျှင် –

- (က) ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး မြှင့်တင်မှုလုပ်ငန်းစဉ် အကြိမ်ပေါင်း(၁၀၂)ကြိမ်တွင် အသင်းဝင် ၅၃၇၇ဦး၊ ငွေကြေးအားဖြင့် ကျပ် ၇၁၆၉၄၂၀၊
- (ခ) ကျေးလက်ဒေသ ပညာရေးဆိုင်ရာ မြှင့်တင်ရေး လုပ်ငန်းစဉ်တွင် အကြိမ်ပေါင်း (၈၂) ကြိမ်၊ အသင်းဝင် ၁၁၂၀၊ ငွေကြေးအားဖြင့် ကျပ် ၉၈၂၂၄၅၀၊
- (ဂ) ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် အကြိမ်အားဖြင့်(၂၀၂)ကြိမ်၊ အသင်းဝင်အင်အား ၂၉၀၈ဦး၊ ငွေကြေးအားဖြင့် ကျပ် ၁၆၉၀၄၀၀၊
- (ဃ) ကျေးလက်ဒေသ သောက်ရေ သုံးရေရရှိရေး လုပ်ငန်းစဉ်ဆိုင်ရာတွင် အကြိမ်အားဖြင့် (၄၉) ကြိမ်၊ အသင်းသား ၁၀၄၇ဦး၊ ငွေကြေးအားဖြင့် ကျပ် ၈၁၃၀၀၀၊
- (င) ကျေးလက်လျှပ်စစ်မီးလင်းရေးလုပ်ငန်းစဉ် ကိုးခုတွင် အသင်းသား ၂၂၀၀၊ ငွေကြေးအားဖြင့် ၆၆၇၃၉၆၉ ကျပ်နှင့်
- (စ) ကျေးလက်ဒေသ စီးပွားရေး၏ အခြေခံဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် အကြိမ်အားဖြင့်(၂၈)ကြိမ်၊ အသင်းသားဦးရေ ၇၆၉ဦး၊ ငွေကြေးအားဖြင့် ၂၃၇၂၈၈၉၄ ကျပ် ပါဝင်မှုဖြင့် မိဘပြည်သူများနှင့် လက်တွေ့ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စုစုပေါင်းကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနေဖြင့် (၄၇၂)ကြိမ်တွင် အသင်းဝင်အင်အား ၁၃၄၂၁ဦး၊ ငွေကြေးအားဖြင့် ကျပ်သိန်း ၄၈၉ဒသမ ၉ သိန်းကျော် သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ယခုကဲ့သို့ ကာယအား၊ ဉာဏအားနှင့် ငွေအားစိုက်ထုတ်ပြီး ဒေသအကျိုး၊ ပြည်သူ့အကျိုးဆောင်ရွက်ကြသဖြင့် ဒေသနေလူထုသည် အသင်းအပေါ် အားကိုးယုံကြည်မှုနှင့် လက်တွဲဆောင်ရွက်မှု တစ်နှစ်ထက် တစ်နှစ် ပိုမိုရရှိလာပြီဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း။

ကချင်ပြည်နယ်အသင်း အဆင့်ဆင့်သည့် စိတ်ဓာတ်ရေးရာ၊ ခံယူချက်ရေးရာနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်မှုအနေဖြင့် ယခုနှစ်အတွင်း သင်တန်းမျိုးစုံ ၂၁မျိုးတွင် အသင်းဝင်ပေါင်း ၃၂၂၇၉ဦးကို လေ့ကျင့်ပညာပေးနိုင်ခဲ့ပါကြောင်း။ စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

မိမိတို့ ကချင်ပြည်နယ်အတွင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အလံတော်ကြီးသည် (၁၁)နှစ်မြောက် အောင်ပွဲခံနေပြီး အာကာတစ်ခွင်တွင် အစိမ်းရောင်သန်းလျက် တလူလူ အောင်လံလွှင့်ထူနေပါကြောင်း၊ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလံတော်ကြီးကဲ့သို့ မိမိတို့ ကချင်ပြည်နယ်၏ အလံတော်ကလည်း အစိမ်းရောင်သန်းနေပြီး တည်ငြိမ်မှု၊ အေးချမ်းမှု အဓိပ္ပာယ်ကို ဆောင်နေသော အစိမ်းရောင်သစ်တောကြီးများ၊ စိုက်ခင်းကြီးများအပြင် ကျောက်တုံး ကျောက်ခဲများပါမကျန် မြစိမ်းရောင်သန်းနေသကဲ့သို့ မိမိတို့ ကချင်ပြည်နယ်က ပြည်သူတစ်ရပ်လုံးတူညီသော အစိမ်းရောင်ဝတ်စုံများ၊ တူညီသော စိတ်ဓာတ်များဖြင့် ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်လေးအသွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိပါကြောင်း၊ မှန်ကန်သော အမျိုးသားရေး အသိအမြင်၊ ခံယူချက်၊ ရပ်တည်ချက်တို့နှင့်အတူ တပ်မတော်၏ စွမ်းဆောင်ပေးမှုများကြောင့် ရရှိပြီးဖြစ်သော စည်းလုံးညီညွတ်ခြင်း(Unity)၊ တည်ငြိမ်ခြင်း(Stability)၊ အေးချမ်းခြင်း (Peace)၊ ဖွံ့ဖြိုးတိုးတက်ခြင်း(Development)တို့ကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အစဉ်ထာဝရ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဟု ကတိကဝတ်ပြုရင်း နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ချီတက်နေသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

## ကယားပြည်နယ်

ထို့နောက် ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်က တင်ပြရာတွင် အသင်းဝင်လူငယ်လူရွယ်များ အရည်အချင်းပြည့်ဝလာစေရန်နှင့် အမျိုးသားရေးဝါဒ၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းအမျိုးမျိုးဖွင့်လှစ်ကာ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ တစ်နှစ်တာအတွင်း ပြည်နယ်အနေဖြင့် မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုဆင့်ပွားသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်း၊ ဂီတသုခုမသင်တန်း၊ 'အ'သုံးလုံးသင်တန်း၊ နွေရာသီအားကစား နည်းမျိုးစုံသင်တန်း၊ ကယားစာပေနှင့် ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အသင်းဝင် ၄၀၅၆၂ဦးကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း။

ကျေးလက်နှင့်မြို့ပြကွာဟမှုမရှိစေရေး၊ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ပါ ကျေးလက်ပညာရေးကဏ္ဍအနေဖြင့် ပြည်နယ်အတွင်း မူလတန်းကျောင်းဆောင်သစ် လေးဆောင်ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ကျောင်းဆောင်နှစ်ဆောင်ကို တိုးချဲ့ပြုပြင် မွမ်းမံပေးခဲ့ပါကြောင်း၊ ဇက ၅၀၀ မူလတန်းကျောင်း၊ ဖရူဆိုအထက၊ အလကနှင့် မြို့နယ်ပညာရေးရုံးအတွက် စာရေးခုံအစုံ ၁၇၀နှင့် ပရိဘောဂပြုလုပ်ရန် သစ်ခွဲသားများ ဝယ်ယူလှူဒါန်းပေးခဲ့ပါကြောင်း၊ မူလတန်းကျောင်းဆောင်သစ်ငါးဆောင်နှင့် အလယ်တန်းကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနေဆဲဖြစ်ပြီး အခြားပြုပြင်ရန်လိုအပ်နေသည့် ကျောင်းများသို့လည်း ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

## ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့် ပြည်နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံရှစ်ခု ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဓာတ်ခွဲခန်းအဆောက်အအုံ တိုးချဲ့ရေးတွင် ပါဝင်လှူဒါန်းခြင်း၊ ဖရူဆိုပြည်သူ့ဆေးရုံသို့ စာရေးခုံအစုံ ၃၀စုံလှူဒါန်းခြင်း၊ ရှားတောပြည်သူ့ဆေးရုံ ဆေးပဒေသာပင်ပါဝင်လှူဒါန်းခြင်းစသည်တို့ကိုကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

# လွိုင်ကော်မြို့နယ် ကျေးရွာများ၌ ကျေးလက်တယ်လီဖုန်းဖွင့်လှစ်ပေးနိုင် ကျေးရွာများ အချိန်မရွေး လျင်လျင်မြန်မြန်ဆက်သွယ်နိုင်ပြီ

မြို့နယ်အားလုံး၌ ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရောဂါတားဆီးရေး၊ကာကွယ်နှိမ်နင်းရေး၊ ရေဘေးဒုက္ခသည်များနှင့် ခွဲစိတ်ကုသသည့် လူနာများအတွက် သွေး၊ဆေးဝါးများဝယ်ယူလှူဒါန်းပေးခြင်းစသည့် ကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများ၌လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကျေးလက်ရေရရှိရေး

ကျေးလက်ရေရရှိရေးကဏ္ဍအနေဖြင့် လွိုင်ကော်မြို့တွင် ရေပိုက်လိုင်းနှစ်ခု တိုးချဲ့တပ်ဆင်ပေးခြင်း၊ ဒီမောဆိုမြို့နယ်တွင် အများသုံးသောက်သုံးရေကန်ဆောက်လုပ်ရာတွင် အသင်းမှငွေအား၊ လူအားပါဝင်ဆောင်ရွက်ပေးခြင်းနှင့် ဘောလခဲမြို့နယ်တွင် အများသုံးရေလှောင်ကန်သုံးလုံးတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်စိမ်းလန်းစိုပြည်ရေးအနေဖြင့် ပြည်နယ်အသင်းမှ တောင်သုံးလုံးစိုက်ခင်းတွင် သစ်ဆိမ့်ပင် ၄၅၀၊ ကုန်းသာကျေးရွာတွင် အပင် ၆၅၀ နှင့် ကျန်မြို့နယ်များတွင် သစ်ဆိမ့်ပင် ၃၄၀ စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

## ကျေးလက်လမ်းပန်းဆက်သွယ်ရေး

ကျေးလက်လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လွိုင်ကော်မြို့နယ်တွင် ကျောက်ချောလမ်းသုံးလမ်း ပေအရှည် ၇၆ ဒသမ ၈၀ ပေ၊ မြေသားလမ်းတစ်လမ်း ပေအရှည် ၁၈၅၆၀နှင့် ကျေးလက်လမ်းဖောက်ရာတွင် အသင်းသား ၁၄၀၀ကျော်ဖြင့် ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

လွိုင်ကော်မြို့နယ် ထေးဌားလျားကျေးရွာနှင့် ဘာဒိုကျေးရွာ၊ဒီမောဆိုမြို့နယ်၊ သေးဆူလဲကျေးရွာတို့၌ ကျေးလက်တယ်လီဖုန်း အိတ်ချိန်းကို အသင်းမှ ငွေကြေးပံ့ပိုးကူညီ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ယခင်က စီးပွားရေး၊ လူမှုရေး၊ သတင်းအချက်အလက် ဆက်သွယ်ရာတွင် ဖွံ့ဖြိုးမှုနောက်ကျခဲ့သော ကျေးရွာများအနေဖြင့် ယခုဆိုလျှင် ဆက်သွယ်ဆောင်ရွက်လိုသည့် နေရာများသို့ အချိန်မရွေး လျင်လျင်မြန်မြန်ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

ကျေးလက်မီးလင်းရေးအတွက် လွိုင်ကော်မြို့နယ် ထီးစဲ့ခါးကျေးရွာ၌ အသေးစားရေအား လျှပ်စစ် ကီလိုဝပ် ၂၀ကို ဆောင်ရွက်နေပြီဖြစ်သည့်အတွက် မကြာမီတွင်လည်း ထီးစဲ့ခါးကျေးရွာ၌ ရေအားမှ လျှပ်စစ်မီးရရှိတော့မည် ဖြစ်ပါကြောင်း။

## လူမှုရေးနှင့်ယဉ်ကျေးမှု

လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ ကဏ္ဍများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပါကြောင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၊ စုပေါင်းမဟာဘုံကထိန်ပွဲတော်များ၊ ဝတ်ရွတ်ပူဇော်ပွဲများ၊ ထီးတော်တင်ပွဲများ၊ ဓမ္မာစရိယစာမေးပွဲများ၊ သက်ကြီးပူဇော်ပွဲများတွင် ပစ္စည်း၊ ငွေ၊ လုပ်အားဒါနတို့ဖြင့် ကုသိုလ်ယူပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နေစက်လစက်စေတီတော် တံခွန်တိုင်စိုက်ထူရာတွင် ငွေကျပ် ၂၄၀၀၀၀၊ သီရိမင်္ဂလာပုံ ပရိယတ္တိစာသင်တိုက် ရေးမူမပျက်ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် ငွေကျပ် သိန်း ၂၀၊ မြို့နာမ်စေတီ ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ်ငါးသိန်း၊ ဘိုးဘွားရိပ်သာထာဝရငွေပဒေသာပင်အတွက် ကျပ်သိန်း ၃၀၊ ကုန်းသာတောင်မော့ဘုန်းတော်ကြီးကျောင်း ဓမ္မရက္ခိတသိမ်တော်ဆောက်လုပ်ခြင်း၊ မဟာပုညကာရီ သီလရှင်စာသင်တိုက် နှစ်ထပ်ဓမ္မာရုံဆောက်ရန် ငွေကျပ်သိန်း ၂၀၊ ကွန်ပျူတာတစ်စုံ၊ ရတနာသီရိစာသင်တိုက်အတွက် ကွန်ပျူတာတစ်စုံစသည်တို့ကို တစ်တပ်တစ်အား ပါဝင်လှူဒါန်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

## ပူးပေါင်းဆောင်ရွက်

ထို့အပြင် မရှိဆင်းရဲနွမ်းပါးသူများအား ဆေးကုသစရိတ် ထောက်ပံ့ပေးခြင်းများ၊ ဈာပနများ၊ နာရေးများတွင် အလှူငွေထည့်ဝင်ခြင်း၊ ရေဘေးဒုက္ခသည်များနှင့် ခွဲစိတ်ကုသလူနာများအတွက် သွေးလှူဒါန်းခြင်း၊ အဝတ်အထည်များ ပေးကမ်းလှူဒါန်းခြင်း၊ လူငယ်များကာယဉာဏတိုးပွားရန်အတွက် ဘောလုံးအားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ နေ့ကြီးရက်ကြီးများတွင် အခမ်းအနားများ ကျင်းပခြင်း၊ တက်ရောက်ခြင်းများကို အသင်းအဆင့်ဆင့်မှ အခြားလူမှုရေးအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍအနေဖြင့် အသင်းလူငယ်လူရွယ်များ အမျိုးသားနိုင်ငံရေးအတွေးအခေါ်များ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်နေပါကြောင်း၊ အသင်းဝင်လူငယ်လူရွယ်များ ဗဟုသုတတိုးပွားလာစေရန် ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စာကြည့်တိုက် ၂၉ ခု ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဌာနချုပ်မှ ထုတ်ဝေပေးသည့် စာအုပ်စာစောင်များကို စုဆောင်းဖြန့်ဝေထားရှိပြီး အသင်းဝင်များ ဖတ်ရှုနိုင်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင် မဂ္ဂဇင်းများအပြင် တစ်နှစ်တာမြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော် နေ့ကြီးရက်ကြီးများတွင် အသင်းအနေဖြင့် ဟောပြောပွဲများ ကျင်းပခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခြင်း၊ လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာ သင်တန်းများတွင် နည်းပြများအဖြစ် ပါဝင်ပို့ချပညာပေးခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအကြောင်း သိကောင်းစရာများကို ဌာနဆိုင်ရာအသီးသီး သင်တန်းသို့ ပို့ချပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသွားသည်။

# နိုင်ငံရေးအတွေ့အကြုံရရှိရေး ပြည်ပရှိလူငယ်အဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရေး အသင်းဝင်များ ပြည်ပသို့စေလွှတ်ခဲ့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



## ကရင်ပြည်နယ်

ဆက်လက်၍ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေးက တင်ပြရာတွင် အသင်းကြီး၏ လေ့ကျင့်ရေးအခြေအနေကို တင်ပြရလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား အရေအတွက်မှ အရည်အချင်းသို့ ရောက်ရှိရေးအတွက် ဗဟိုအဆင့် အစီအစဉ်၊ ပြည်နယ်အဆင့်အစီအစဉ်၊ ခရိုင်၊ မြို့နယ်အဆင့် အစီအစဉ်များဖြင့် အသီးသီးလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်အတွင်း အသင်းအဆင့်ဆင့်အနေဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ် တစ်နှစ်တာကာလအတွင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ဂီတသုခုမပညာသင်တန်း၊ အကြိုအခြေခံမီးသတ်သင်တန်း၊ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်း၊ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်း၊ လူထုအတွင်းအခြေခံရေးဦးသူနာပြုစုနည်း ဆင့်ပွားသင်တန်း၊ အမျိုးသမီး အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ခေတ်မီ စာကြည့်တိုက် နည်းပညာသင်တန်း၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး အသင်းဝင်စုစုပေါင်း ၃၃၇၇၄ ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဌာနချုပ်မှ ဖွင့်လှစ်သော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း၊ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း၊ အထူးမွမ်းမံသင်တန်း၊ မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုသင်တန်း၊ သုတစီမံသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်းများသို့ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ စုစုပေါင်း ၄၇၄ ဦး ရွေးချယ်စေလွှတ်ခဲ့ပြီးဖြစ်ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်များနှင့် အလုပ်အမှုဆောင်များအား နိုင်ငံခြားတိုင်းပြည်ရှိ လူငယ်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန် နိုင်ငံတကာအတွေ့အကြုံများရရှိစေရန် ရည်သန်လျက် ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ခဲ့ပါကြောင်း၊ အစီရင်ခံသည့်ကာလအထိ ကရင်ပြည်နယ်မှ ပြည်နယ်၊ခရိုင်၊မြို့နယ် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ စုစုပေါင်း ၃၃ဦးအား ပြည်ပသို့ ရွေးချယ်စေလွှတ်ခြင်းခံရကြောင်းကို တင်ပြအပ်ပါကြောင်း။

လူငယ်များ၏ ဇလငါးတန်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အသိပညာ၊ အတတ်ပညာများ အရည်အချင်းပြည့်မီပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် လူထုလူတန်းစား အလွှာလိုက် ဆောင်ရွက်ချက်များအနေဖြင့် နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခမ်းအနားများ တက်ရောက်ခြင်း၊ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခြင်းများကိုလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## တစ်ပြေးညီဆောင်ရွက်

ပညာရေးရာအနေဖြင့် မြို့နယ်များနှင့် ကျေးရွာများသို့ ဂျာနယ်များ၊ စာစောင်များ၊ အခြားစာအုပ်မျိုးစုံတို့ကို ဖြန့်ဝေပေးခြင်း၊ အသင်းဌာနချုပ် ပညာရေးရာဌာန၏ အစီအစဉ်ဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာပေဟောပြောပွဲများ ပြုလုပ်ပေးနိုင်ခဲ့ပြီး မြို့နယ်အသီးသီးတို့မှ လှုပ်ရှားမှုများကို ဌာနချုပ်မှ ထုတ်ဝေသော ဂျာနယ်များသို့ သတင်းများပါရှိရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသွားသည်။

စာမျက်နှာ ၈ သို့

# ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေးအကောင်အထည်ဖော် အသင်းပိုင်လက်ဖက် ၃၇ ဧက စိုက်ပျိုးအောင်မြင်လျက်ရှိ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ချင်းပြည်နယ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးငွန်လာလ်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၇ မှ*

## ချင်းပြည်နယ်

ထို့နောက် ချင်းပြည်နယ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးငွန်လာလ်းက တင်ပြရာတွင် တိုးတက်လာသည့် အသင်းသားများကိုလည်း အရေအတွက်မှ အရည်အချင်းသို့ မြှင့်တင်နိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ပညာပေးလျက် ရှိပါကြောင်း၊ အသင်းဝင်များ၏ အခွင့်အလမ်းတိုးတက်မြင့်မားရေးအတွက် သင်တန်း ၁၂မျိုးကို နေရာပေါင်း ၁၇၅ နေရာတွင် (၁၈၅)ကြိမ် ဖွင့်လှစ်နိုင် ခဲ့ပြီး အသင်းဝင်ပေါင်း ၃၄၆၉၆ ဦးကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေးအတွက် ပြည်နယ်အတွင်း မြို့နယ်ဒေသအနှံ့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ မိမိတို့အသင်းမှလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အသင်းပိုင်လက်ဖက် ၃၇ ဧက စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း။

ထို့အပြင် ချင်းပြည်နယ်ကို နွားနောက်ပြည်နယ်ဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် အသင်းကြီး၏ ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ပံ့ပိုးမှုဖြင့် ချင်းပြည်နယ် ရှစ်မြို့နယ်အတွင်း အသင်းပိုင်နွားနောက်ကောင်ရေ ၁၁၂ ကောင် စတင်မွေးမြူခဲ့ရာ တစ်နှစ်မပြည့်မီ ယခုအစီရင်ခံသည့်ကာလအတွင်း နွားနောက်ကောင်ရေ ၃၂ ကောင် တိုးပွားလာခဲ့ကြောင်းကို အစီရင်ခံ တင်ပြအပ်ပါကြောင်း။

## စီမံဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်တွင် လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းမှ ပေးပို့သည့် ကာတီးမိုးအရိပ်မဲ့ ကော်ဖီမျိုးစေ့များကို ပျိုးထောင်ခဲ့ရာ ပျိုးသက် နှစ်နှစ်သားရှိ ပျိုးပင်ပေါင်း ၁၀၀၀၀ ကျော် ရှင်သန်လျက်ရှိပါကြောင်း၊ ဒေသအတွေ့အကြုံအရ ပျိုးသက်သုံးနှစ်ကျော်လျှင် မြေချစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ အသင်းဝင်များ၊ ဒေသခံလူထုများနှင့်အသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျေးလက်ချင်းဆက်လမ်းနှစ်ခုအတွက် ငွေကျပ် ၁၇ ဒသမ ၆ သိန်း၊ တံတားသုံးစင်းအတွက် ၄ဒသမ ၅ သိန်း၊ အခြေခံပညာကျောင်း ၁၁ ကျောင်းအတွက် ကျောင်းဆောင်များပြုပြင်ရန်နှင့် အောင်ချက်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများအတွက် ၅၆ ဒသမ ၅ သိန်း၊ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာ ၁၁ ရွာတွင် ကျပ်သိန်း ၁၆၀၊ ဒေသခံများ အသိပညာ၊ ဗဟုသုတမြင့်မားလာစေရေးအတွက် ကျေးရွာလေးရွာတွင် တီဗွီနှင့်စလောင်းများကို ငွေကျပ် ၁၅ သိန်းဖိုးတပ်ဆင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးဆောင်ရွက်ပေးမှုဖြင့် ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ငါးမွေးတောင်သူများသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများသည် စည်းရုံးရေးသော့ချက်ဖြစ်သည်ဟူသော ဆောင်ပုဒ်အရ လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် အသင်းအနေဖြင့် ပူဇာ စ ပူဇနေယျာနံ ပူဇော်ထိုက်သူများကို ပူဇော်ခြင်းဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းလှီးပေးခြင်း၊ ပစ္စည်းများလှူဒါန်းခြင်း၊ အလှူငွေများ ပေးအပ်ခြင်း၊ အသက်ငါးနှစ်အောက် ကလေးတိုင်း ပိုလီယိုကာကွယ် ဆေးတိုက်ရေး၊ ကြက်လည်လိမ်မျက်စဉ်းခတ်ပေးရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း၊ စာအုပ်စာတမ်းများလှူဒါန်းခြင်းနှင့် နေ့ထူးနေ့မြတ်များတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ဂျိုးဇက်ဗန်ဘွေအုပ် အပါအဝင် ထူးချွန် ကျောင်းသားများအား ချင်းပြည်နယ်သင်းလုံးကျွတ်အစည်းအဝေး၌ ဂုဏ်ပြုဆု ချီးမြှင့်ခြင်း၊ မီးဘေးသင့်ခံရသူများအား ထောက်ပံ့ခြင်း၊ မီးငြိမ်းသတ်ရာတွင် မိမိဒဏ်ရာ အနာတရဖြစ်မှုကို ဂရုမစိုက်ဘဲ မျက်နှာတွင် မီးသင့်ခံ၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူ ဟားခါးကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဆလိုင်းဆန်ကျုံးအား ထောက်ပံ့ခြင်း၊ ပညာရေးကောလိပ်တက်ရောက်နေသည့် နွမ်းပါးသူ ဆရာမများအား ထောက်ပံ့ခြင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော လမ်းဖောက်ခြင်း၊ ပြုပြင်ခြင်း၊ ရပ်ကွက်သန့်ရှင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သွေးလှူဒါန်းခြင်း၊ ရေရရှိရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းအပါအဝင် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြောင်းဖြင့် တင်ပြသွားသည်။

# စစ်ကိုင်းတိုင်းအတွင်း အညာတမာလွှမ်းရေး သစ်ပင်များစိုက်ပျိုး အလှူရှင်များနှင့် ပူးပေါင်းပြီး မျက်စိဝေဒနာရှင် ၆၃၇ ဦး အခမဲ့ကုသပေးခဲ့

## စစ်ကိုင်းတိုင်း

ယင်းနောက် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရှုနားဖိုင်းက တင်ပြရာတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းအဆင့်ဆင့်တို့သည် ကျေးလက်ဒေသများသို့ လမ်း/တံတားများ ပြုပြင်ခြင်း သောက်သုံးရေတွင်းများတူးဖော်ခြင်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များကို လှူဒါန်းခြင်း၊ တိုက်နယ်ဆေးခန်းများပြုပြင်ပေးခြင်း၊ လူငယ်ဖွံ့ဖြိုးရေးအခြေစိုက်စခန်းဆောက်လုပ်ခြင်း၊ ကျေးရွာရေရရှိရေးအတွက် ဆောင်ရွက်ခြင်းအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီရင်ခံသည့် ကာလအတွင်း စုစုပေါင်း ၉၂ သိန်း ၆ သောင်း ထောက်ပံ့လှူဒါန်းပေးနိုင်ခဲ့ပါကြောင်း။

## အခမဲ့ကုသပေး

ဘာသာရေးလုပ်ငန်းများအနေဖြင့် ဘုရားပုထိုးစေတီများအား ထုံးသင်္ကန်းကပ်လှူခြင်း၊ သန့်ရှင်းရေးကုသိုလ်ယူခြင်း၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခြင်း၊ ဝါဆိုသင်္ကန်းများကပ်လှူခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ စုပေါင်းဘုံကထိန်ပွဲများကို အသင်းဝင်များမှ စုပေါင်းပါဝင် ကုသိုလ်ယူခဲ့ကြသည့်ပြင် တန်ဖိုးငွေ ကျပ် ၆၃၀၉၈၅ လှူဒါန်းနိုင်ခဲ့ပါကြောင်း၊ နာရေးကိစ္စရပ်များတွင် ဒေသအရပ်ရပ်၌ အသင်းများကူညီဆောင်ရွက်ခြင်းအပြင် အထူးသဖြင့် ရွှေဘိုမြို့၊ မုံရွာမြို့တို့၌ အလှူရှင်များထံမှ နိဗ္ဗာန်ယာဉ်များအလှူခံကာ လူမှုရေးအကူအညီအဖွဲ့များတည်ထောင်ပြီး နာရေးကိစ္စရပ်များ၌ ကူညီခဲ့ပါကြောင်း၊ ချို့တဲ့သော ပြည်သူများအတွက် ငွေအားဖြင့် ငွေကျပ် ၁၉၂၅၀၀ ကူညီနိုင်ခဲ့ပါကြောင်း၊ လူထုလူတန်းစားအလွှာအသီးသီးနှင့် ပူးပေါင်းပြီး လူမှုရေးလုပ်ငန်းများတွင်လည်း ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျေးလက်နေပြည်သူများ စာပေဗဟုသုတများတိုးပွားစေရန်အတွက် ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးမှာကြားချက်နှင့်အညီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးလက်စာကြည့်တိုက် ၁၂၈၄ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သွေးလှူရှင်များအသင်း ၁၈ သင်း ဖွဲ့စည်းပြီး သွေးအလှူခံပေးခြင်းနှင့် အာဟာရအတွက် ထောက်ပံ့ငွေများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် ပုဂ္ဂလိကအလှူရှင်များနှင့် ပူးပေါင်းပြီး ကန့်ဘလူမြို့နယ်တွင် မျက်စိဝေဒနာရှင် ၆၃၇ ဦးအား အခမဲ့စမ်းသပ်ကုသပေးပြီး မျက်စိဝေဒနာရှင် ၁၃၆ ဦးအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့ပါကြောင်း။

တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် နာဂတိုင်းရင်းသားများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားနှင့် ဂဒူးဂနန်းတိုင်းရင်းသားများ၏ ပြည်သူ့စစ်အောင်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများအား အလှူငွေများ ပေးအပ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

## ကျေးလက်လမ်းဖောက်လုပ်

ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသင်းဝင်များ၏ ပါဝင်ဆောင်ရွက်မှုအနေဖြင့် ပြည်သူ့ဆေးရုံများ၊ ဘုရားစေတီများ၊ စာသင်ကျောင်းများတွင် သန့်ရှင်းရေးလုပ်ငန်းများကို နေရာပေါင်း ၁၂၅ နေရာတွင်လည်းကောင်း၊ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို နေရာပေါင်း ၃၅ နေရာတွင်လည်းကောင်း ပါဝင်၍ လုပ်အားဒါနပြုနိုင်ခဲ့ပါ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ စစ်ကိုင်းတိုင်း ခန္တီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရှုနားဖိုင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကြောင်း၊ စစ်ကိုင်းတိုင်းအတွင်း ကျေးလက်နေပြည်သူများသွားလာရေး အဆင်ပြေ လွယ်ကူစေရန်အတွက် မိုင်အရှည်အားဖြင့် ၇၃ မိုင် ရှိသော ကျေးလက်လမ်းပေါင်း ၁၁လမ်းကို ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း။

နာယကတိုင်းမှူး၏ မှာကြားမှုဖြင့် 'အညာတမာလွှမ်းရေး' သစ်ပင်စိုက်ပျိုးမှုတွင် တမာပင်ပေါင်းသုံးသိန်း ပျိုးထောင်ပေးခြင်းဖြင့် သစ်ပင်စိုက်ပွဲတော်များတွင် အသင်းဝင်များက အမျိုးသားရေးအသွင်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် စစ်ကိုင်းတိုင်းအတွင်း အချို့မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ၌ အသင်းအဆင့်ဆင့်မှ လုပ်အားနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီးအစွမ်းကုန် ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် ဗဟိုနာယက အဖွဲ့ဝင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံ ဝန်ကြီးတို့၏ အနီးကပ်ပံ့ပိုးမှုဖြင့် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလအတွင်း ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်မီးရရှိရေး ၃၅ရွာဆောင်ရွက်ရာတွင် ၁၈ရွာမီးလင်းပြီဖြစ်ပြီး ၁၇ရွာ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓီဝခတ်ငွေ့ဖြင့် လျှပ်စစ်မီးရရှိရေး ၁၄ရွာဆောင်ရွက်လျက်ရှိရာ နှစ်ရွာ မီးလင်းပြီဖြစ်ပြီး ၁၂ရွာ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

## စည်းရုံးပညာပေး

ပညာရေးလုပ်ငန်းများအနေဖြင့် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့သည် ပညာသင်ထောက်ပံ့စရိတ်များပေးအပ်လှူဒါန်းခြင်း၊ စာသင်ခုံများလှူဒါန်းခြင်း၊ ကျေးရွာစာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် အမိုးအကာအတွက်သွပ်များ၊ ကျောင်းဆောင်သစ်များဆောက်လုပ်ရန် ဘိလပ်မြေအိတ်များအတွက် ငွေကျပ်၄၁သိန်းကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပြီး စစ်ကိုင်းမြို့နယ် သင်းတွဲကျေးရွာ အမကကျောင်း၊ ထီးချိုင့်မြို့နယ် မဲဇာကျေးရွာ အမကကျောင်း၊ ဝက်လက်မြို့နယ် သားနားကျေးရွာ အမကကျောင်း၊ ကန့်ဘလူမြို့နယ် လွှဲဆိပ်ကျေးရွာ အမကကျောင်းတို့ကို ကျောင်းဆောင်သစ်တစ်ခုလုံး ပြီးမြောက်အောင်မြင်သည်ထိ ကမကထပြု ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ လှုပ်ရှားမှုများ ရွှေနိုင်ငံဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်များတွင် သတင်းနှင့်မှတ်တမ်းဓာတ်ပုံများပါရှိရေးအတွက်လည်းကောင်း၊ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးနိုင်ရေးအတွက်နာယကကြီးများ၏ မိန့်ခွန်းများဖြန့်ဝေခြင်း၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် စီဒီခွေများဖြန့်ဝေခြင်း၊ အမျိုးသားညီလာခံမှ ချမှတ်ထားသည့် အခြေခံမူ၁၀၄ချက်ကို ရှင်းလင်းခြင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသွားပြီး နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆက်လက်၍ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ၁၂နာရီခွဲတွင် ပြန်လည်ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် သူရဦးအေးမြင့်နှင့် သူရဦးမြင့်မောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်ထွေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အရှေ့)တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နီနီမာတို့က ဆောင်ရွက်ကြသည်။

ပထမနေ့ မွန်းလွဲပိုင်း အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်ထွေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အရှေ့) တောင်ငူခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နီနီမာတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)





ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ပထမနေ့ မွန်းလွဲပိုင်း သဘာပတိများ အဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် သူရဦးအေးမြင့်နှင့် သူရ ဦးမြင့်မောင်တို့က ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

# တနင်္သာရီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့လာ နိုင်ငံတော်အစိုးရ၏စေတနာမှန်နှင့် လက်တွေ့အကောင်အထည်ဖော်မှုဖြစ်

## တနင်္သာရီတိုင်း

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုတင်ပြကြရာတွင် တနင်္သာရီတိုင်း မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမင်းသိမ်းက တင်ပြရာ၌ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ်သည် မိမိတို့အတွက် လက်တွေ့ကျသည့် လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ တစ်နှစ်တာကာလအတွင်း မိမိတို့ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းအဆင့်ဆင့်အနေဖြင့် နယ်မြေအလိုက် အခြေချစည်းရုံး တည်ဆောက်ရေးလုပ်ရှားဆောင်ရွက်စဉ် နိုင်ငံတော်၏ မူဝါဒများကို ပြည်သူလူထုအတွင်း ခိုင်မြဲစွာစိမ့်ဝင်ပျံ့နှံ့စေရန် ရှင်းလင်းဆွေးနွေးရင်း တတိယကာလတို ငါးနှစ်စီမံကိန်းအောင်မြင်ရေးအတွက် နိုင်ငံချစ်စိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား စည်းရုံးဆောင်ရွက်ခဲ့ကြောင်းကို တင်ပြလိုပါကြောင်း၊ စည်းရုံးရေးနည်းများအဖြစ်လည်း တိုင်းအတွင်း မြို့နယ်များအလိုက် အသင်းဝင်များကို ဆယ်စု ၁၂၇၉၀စု၊ ခေါင်းဆောင် ၁၂၇၉၀ဦးနှင့် ရာစု ၁၃၉၃စု၊ ခေါင်းဆောင် ၁၃၉၃ဦး တိကျစွာဖွဲ့စည်းတာဝန်ပေးအပ်ကာ အခြေခံလမ်းအလိုက် ကွင်းဆင်းလှုပ်ရှားခြင်း၊ ကျေးရွာ၊ ရပ်ကွက် တိုးချဲ့ကွင်းဆင်း လှုပ်ရှားခြင်း၊ အမာခံအသင်းဝင် စည်းရုံးရေးမှူးများကို အဖွဲ့ဝင်နယ်မြေသတ်မှတ် ကွင်းဆင်းလှုပ်ရှားစေခြင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင်များအား အခြေခံစည်းရုံးရေးနယ်မြေများ ခွဲဝေကာ စည်းရုံးရေးနယ်မြေများကို မြေပုံများနှင့်တကွ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ တိုင်းအတွင်းတွင် အသင်းဝင်အင်အားသည် ယခင်နှစ်က ၂၄၂၄၉၁ဦး၊ အသင်းဝင်ခွင့်ရှိသူ ဦးရေ၏ ၂၉ဒသမ၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်ဆိုလျှင်၂၉၅၄၇၂ဦး ရှိလာပြီး တိုင်းအတွင်း အသင်းဝင်ခွင့်ရှိသူဦးရေ၏ ၃၆ရာခိုင်နှုန်းအထိ စည်းရုံးနိုင်ခဲ့ပြီးဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း၊ တိုင်းအတွင်း အသင်းဝင်ခွင့်ရှိသူ ဦးရေ၏ ၅၀ရာခိုင်နှုန်းအထိ ရရှိအောင် ဆက်လက်စည်းရုံးသွားရန် ရည်မှန်းထားကြောင်းလည်း ထပ်မံတင်ပြလိုပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့် ပတ်သက်ပြီး မိမိတို့ တိုင်းအတွင်း အသင်းအဆင့်ဆင့်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တတ်အားသရွေ့ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း မိမိတို့ တိုင်းတာဝန်ခံဗဟိုအလုပ်အမှုဆောင်၏ ပံ့ပိုးမှုဖြင့် တိုင်းအတွင်း မြို့နယ် ၁၀မြို့နယ်၏ ကျေးလက်ဒေသ ၁၀နေရာတွင် ရေအားလျှပ်စစ်မီးရရှိရေးအတွက် စုစုပေါင်းကျပ်သိန်း ၁၀၀ဖိုး ကူညီထောက်ပံ့ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် ပညာရေးကဏ္ဍတွင် မြို့နယ်အလိုက် ဥပမိရပ်မကောင်းသည့် ကျေးရွာမူလတန်းကျောင်း ၁၀ကျောင်းကိုလည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စုစုပေါင်း ကျပ်သိန်း ၁၀၀ထောက်ပံ့လှူဒါန်းရန်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်းကို တင်ပြလိုပါကြောင်း။

## လေ့ကျင့်ပညာပေး

ရှေ့လုပ်ငန်းစဉ်ပါ အမျိုးသားပညာရည်မြင့်မားရေး အကောင်အထည်ဖော်သည့်အနေဖြင့် လည်းကောင်း၊ အသင်းကြီး၏ စွမ်းရည်လေးရပ်မြှင့်တင်ရေးကို အကောင်အထည်ဖော်သည့် အနေဖြင့် လည်းကောင်း တစ်နှစ်တာကာလအတွင်း မိမိတို့ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အဆင့်ဆင့်အနေဖြင့် ဗဟိုဌာနချုပ်မှ ဖွင့်လှစ်ခဲ့သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်းနှင့် အထူးမွမ်းမံသင်တန်းတို့သို့ အမှုဆောင် ၁၀ဦးကို တက်ရောက်စေနိုင်ခဲ့ပါကြောင်း၊ တိုင်းအတွင်းတွင်လည်း အသင်းဝင်များကို ယဉ်ကျေးမှုသင်တန်း၊ ဂီတသုခုမအနုပညာသင်တန်း၊ အားကစားသင်တန်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် အခြားသင်တန်းစသည့် သင်တန်းခေါင်းစဉ် ခြောက်ခုအောက်မှ သင်တန်းအမျိုးအစားပေါင်း ၁၈ မျိုးကို နေရာပေါင်း ၁၃၆နေရာ ဖွင့်လှစ်ပြီး သင်တန်းသား စုစုပေါင်း ၁၉၆၇၅ဦးကို လေ့ကျင့်ပညာပေးနိုင်ခဲ့ကြောင်းကို တင်ပြလိုပါကြောင်း။

မိမိတို့ တိုင်းတွင် ယမန်နှစ်ကစပြီး မြန်မာပြည်တောင်ဖျား ကော့သောင်းမှ ဘုတ်ပြင်း၊ တနင်္သာရီ၊ မြိတ်၊ ထားဝယ်မြို့သို့ ရေလမ်း၊ ကုန်းလမ်းဖြင့် အချိန်တိုအတွင်းတွင် ခရီးပေါက်နေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတောင်ဖျား ကော့သောင်းမြို့ကနေပြီး မြန်မာနိုင်ငံ မြောက်ဖျားအထိ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ တနင်္သာရီတိုင်း မြိတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမင်းသိမ်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အချိန်မရွေး တောက်လျှောက်သွားလာနိုင်ပြီ ဖြစ်ပါကြောင်း၊ ယခုနှစ်တွင်လည်း မိမိတို့ တိုင်းအတွင်း ဘုတ်ပြင်းမြို့မှ ပေ ၁၀၀၀၀ ရှည်သော လေယာဉ်ကွင်းကိုပါ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးသည် ယခင်နှင့်မတူ အထူးအဆင်ပြေချောမွေ့နေပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့လာခြင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ၏ စေတနာအမှန်နှင့် လက်တွေ့အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်မှုပင် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် လမ်းများဖောက်၊ တံတားများဆောက်၊ လေယာဉ်ကွင်းများ ဆောင်ရွက်ပြီးစီးခြင်းကို မိမိတို့ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး ဝမ်းသာပီတိမဆုံး ဖြစ်နေကြသည်ဆိုခြင်းကိုလည်း အလေးအနက်ထား တင်ပြလိုပါကြောင်းဖြင့် တင်ပြသွားသည်။

## ပဲခူးတိုင်း(အနောက်)

ထို့နောက် ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဝင်းက တင်ပြရာတွင်တိုင်းအသင်း၏ ကြီးကြပ်မှုဖြင့် ၂၀၀၄ခုနှစ်အတွင်း သင်တန်း အမျိုးအစားပေါင်း ၁၆မျိုး၊ နေရာပေါင်း ၇၀၂နေရာ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၂၅၈၅ဦး လေ့ကျင့်စည်းရုံး ပညာပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို နေရာပေါင်း ၂၁၁၁နေရာ၌ အသင်းဝင် ၁၉၃၉၇၅ ဦးကို ပထမအကြိမ်၊ ဒုတိယအကြိမ်ခွဲပြီး တက်ရောက် နိုင်ခဲ့ပါကြောင်း။

## မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး

ကျေးလက်ဒေသနေပြည်သူများအား ဖွံ့ဖြိုးသာယာလာစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အသင်းကြီးက အကောင်အထည်ဖော်သည့်အနေဖြင့် ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်ဒေသစာသင်ကျောင်းများပြုပြင်ရေး၊ ကျေးလက်လမ်းများကောင်းမွန်ရေး စသည်တို့ကို ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကိုလည်း တိုင်းအတွင်းရှိ မြို့နယ်အလိုက် စမ်းသပ်ဆောင်ရွက်ခဲ့ရာမှ အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ ရေအားလျှပ်စစ်ဖြင့် မီးပေးရေးလုပ်ငန်းများနှင့် လေအားလျှပ်စစ်ဖြင့် မီးပေးရေးလုပ်ငန်းများကို ဗဟိုအလုပ်အမှုဆောင် (တိုင်းတာဝန်ခံ)၏ ထောက်ပံ့မှုနှင့်အတူ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယနေ့အချိန်သည် နိုင်ငံတော်အတွင်း အသက်တစ်မျှ အရေးကြီးသည့်အချိန် ဖြစ်သဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းအတွင်းရှိ အသင်းအဆင့်ဆင့်မှ အသင်းသား၊ အသင်းသူများက အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အသင်းအဆင့်ဆင့်က ၂၀၀၃ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၃ခုနှစ် ဗဟိုနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၄ခုနှစ် ဗဟိုနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးက ချမှတ်သည့် သြဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

# နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပဲခူးတိုင်း အသင်းသားအသင်းသူများ ပါဝင်ဆောင်ရွက်မည်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ပဲခူးတိုင်း (အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်က ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

## ပဲခူးတိုင်း(အရှေ့)

ယင်းနောက် ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်က တင်ပြရာတွင် ရရှိထားသော အသင်းဝင်များအား ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစေရန်၊ စွန့်လွှတ်စွန့်စားလိုစိတ် ပြင်းထန်စေရန် အသင်းကြီးနှင့် သေအတူရှင်မကွာ နေမည်ဆိုသော အမာခံအသင်းသားများ ရရှိစေရန် ရည်ရွယ်၍ ဗဟိုမှ ဦးစီးဖွင့်လှစ်သည့် သင်တန်းများသို့ စိစစ်လေ့ကျင့်ရွေးချယ်ပေးခဲ့ရာ အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း၊ အမှုဆောင်များအဆင့်မြင့် စီမံခန့်ခွဲရေးသင်တန်း၊ အထူးမွမ်းမံသင်တန်း၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း၊ ကွန်ပျူတာ ဒီပလိုမာသင်တန်း၊ စာရင်းကိုင်ပညာ ဒီပလိုမာသင်တန်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း၊ မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှု နည်းပြသင်တန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုသင်တန်း၊အခြေခံနှင့်ရုံးသုံး ကွန်ပျူတာ သင်တန်းစသည့် သင်တန်း ၁၀မျိုးသို့ သင်တန်းသား စုစုပေါင်း ၅၄၃ ဦး စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း။

## လေ့ကျင့်ပျိုးထောင်

ပဲခူးတိုင်းတွင် ဖွင့်လှစ်ခဲ့သော အမှုဆောင်များ စီမံခန့်ခွဲ ရေး(ဆင့်ပွား) သင်တန်း၊ မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု(ဆင့်ပွား)သင်တန်း၊ ဂီတသုခုမသင်တန်း၊ အင်္ဂလိပ် စကားပြောသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ တိုင်းရင်းဆေးသင်တန်း၊ လေကြောင်းရဲညွှန့်လောင်းသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း စသည့် သင်တန်းရှစ်မျိုးတွင် စုစုပေါင်း သင်တန်းသား ၂၅၄၀၀၄ ဦးကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း။

စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးဟူသော ဆောင်ပုဒ်နှင့်အညီ အသင်းဝင်များ ကျန်းမာကြံ့ခိုင်စေရန် အတွက် နွေရာသီကာလတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော စသည့် အားကစားသင်တန်း ၁၂မျိုးကို ၁၅နေရာတွင် ဖွင့်လှစ်ခဲ့ရာတွင် သင်တန်းသား ၄၇၀၅ဦးကို အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပူးပေါင်းပြီး လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း။

## ပူးပေါင်းဖွင့်လှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် တိုင်းအတွင်း အထက (၅၂) ကျောင်း၊ အထက (ခွဲ) (၃၅)ကျောင်း၊ တွဲဖက်အထက (၁၉)ကျောင်း စုစုပေါင်း ၁၀၆ကျောင်းကို ၃၁ဒသမ ၈သိန်းတန် သင်ရိုးကုန် ဗွီစီဒီများ လှူဒါန်းခဲ့ပါကြောင်း၊ ပုစွန်မြောင်း အထက ပရိဘောဂပြုလုပ်ရန် တိုင်းမှူးနှင့် ဝန်ကြီးက ငွေကျပ် ၁၀သိန်း၊



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသီးသီး၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ပဲခူးတိုင်း (အနောက်) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဝင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကညွတ်ကွင်း အလယ်တန်းကျောင်း ဆောက်လုပ်ရန် ငွေကျပ် ၄၅ သိန်း၊ ဖြူး အထကနှင့် ရွာသစ်ရပ်ကွက် အမကသို့ ငွေကျပ် ငါးသိန်းစီ လှူဒါန်းခဲ့ပြီး တိုင်းရင်းသား ကလေးငယ်များ ပညာသင်ကြားနေသော ပန်းခြိကုန်း ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းသို့ ငွေပဒေသာပင် ၂၃ဒသမ ၅သိန်းစီ စိုက်ထူပေးနိုင်ခဲ့ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးကိုလည်း ပညာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၉၇ဒသမ၄၂ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ပါကြောင်း၊ ကလေးများကျောင်းနေမြဲရေးနှင့် နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တိုင်းအတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၉၈၀ ကျော်ကို (ပြန်/ဆက်)ဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် အသင်းအဆင့်ဆင့်သည် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ပညာပေးဟောပြောပွဲများ၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ သွေးလှူဒါန်းခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ညောင်လေးပင်မြို့နယ်တွင် ဇီဝကနယ်လှည့်ရထားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူနာပေါင်း၁၉၀၀ကျော်တို့အား ဆေးဝါးတန်ဖိုး ကျပ်သိန်း၅၀ကျော် အခမဲ့ကုသပေးနိုင်ခဲ့ပါကြောင်း၊ ဒိုက်ဦးမြို့နယ်အသင်းရုံးတွင် စနေ၊ တနင်္ဂနွေနေ့များတွင် တိုင်းရင်းဆေးများဖြင့် ကုသပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံကိန်းများဖြစ်သည့် ရွှေလှေရေထိန်းတံခါး၊ မင်းရွာကျောင်းစုတံတား၊ သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း၊ ကြို့ကုန်း-တိုက်ကြီး မဟာဗျူဟာလမ်းများ ဖွင့်လှစ်ခြင်းတွင် ပါဝင်နိုင်ခဲ့ပါကြောင်း၊ အသင်းအနေဖြင့် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာတွင် ဆဒ္ဒန်ရတနာတံတားကို ကျပ်ငွေသိန်း၆၀၀ကျော် အကုန်အကျခံ ဆောက်လုပ်ပေးနိုင်ခဲ့ပြီး သီရိဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်မြေသားလမ်း ၁၉ဒသမ၅မိုင်နှင့် ကျေးလက်အိမ်ရာ၂၀လုံးကို စည်ပင်သာယာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## စုပေါင်းစိုက်ပျိုး

ကျေးလက်ရေရရှိရေးတွင် တိုင်းအတွင်း ကျေးရွာ၄၂ရွာတွင် လက်နှိပ်တုံကင်တွင်းများ တူးဖော်ပေးနိုင်ခဲ့ပါကြောင်း၊ ရေတွင်း၊ ရေကန်များဆယ်ဖို့မြှင့်တင်ခြင်း၊ နွေရာသီတွင် သဏ္ဍာလကျေးရွာ၌ ရေကားများဖြင့်သောက်သုံးရေများရရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြို့နယ်အသီးသီးတွင် အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင် ၁၆မျိုး၊ အရေအတွက် ၅၁၀၁၃၄နှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ဆိမ့်၊ ယူကလစ်စသောအပင် ၁၃၅၆၅၀၀ကို သစ်တောဦးစီးဌာနနှင့် NGO များ စုပေါင်းစိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

## ကျေးလက်ဖွံ့ဖြိုးရေးလှူဒါန်း

ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ တစ်အုပ်တစ်မွေးမြူရေးကိုလည်း အသင်းကြီးက အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ဆည်ကိုးခုနှင့် လယ်များတွင် ငါးမျိုးကောင်ရေ ၁၁၈၂၅၀၀၀ စိုက်ထည့်ပေးခဲ့ပါကြောင်း၊ ကျေးလက်မီးလင်းရေးကိုလည်း ညောင်လေးပင်မြို့နယ်တွင် ဘိုင်းဒါးကျေးရွာ၊ ဒိုက်ဦးမြို့နယ်တွင် သုံးခွကျေးရွာနှင့် သနပ်ပင်မြို့နယ်တွင် ကမာစဲကျေးရွာတို့တွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များသို့ ကျပ်သိန်း၃၀ လှူဒါန်းနိုင်ခဲ့ရာ ကျေးလက်နေပြည်သူများ အကျိုးကျေးဇူး ခံစားရရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် ဗဟိုအလုပ်အမှုဆောင်မှ မြို့နယ်အသင်းများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း၇၀လှူဒါန်းခဲ့ပါကြောင်းဖြင့် တင်ပြသွားသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

# မကွေးတိုင်းအတွင်း ကျေးလက်စက်ရေတွင်းများ တူးဖော်တပ်ဆင်နိုင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးခဲ့

စာမျက်နှာ ၉ မှ

ဆက်လက်၍ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲတင့်သိန်းက တင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ပါကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်အနေဖြင့် သက်ဆိုင်ရာ ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းသော အခြေအနေကောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဆက်လက်ပေါ်ထွန်းနေရေးအတွက် အသင်းဝင်များက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိသော အခြေခံကောင်းများဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင်လည်း အသင်းဝင်များ အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကွေးတိုင်းတွင် ယခင်က စိုက်ပျိုးမြေဧကသုံးသိန်းကျော်သာရှိခဲ့ရာမှ ယခုအခါ ဧကခြောက်သိန်းကျော်အထိ တိုးတက်လာသကဲ့သို့ ယခင်ကဆည်မြောင်းတာတမံပေါင်း ခြောက်ခုသာရှိခဲ့ရာမှ ယခုအခါ ၂၉ ခုအထိ တိုးတက်လာပြီး ရေတင်စီမံကိန်းပေါင်း ၅၀ အထိ ရှိလာသည်ကို တွေ့ရပါကြောင်း၊ စိုက်ပျိုးမြေဧက တိုးချဲ့ဖော်ထုတ်ရေးလုပ်ငန်းများ၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေးလုပ်ငန်းများ၊ လယ်ကြားမြောင်းတူးဖော်ခြင်းလုပ်ငန်းများ၊ လယ်နှင့်ယာစည်းရိုးများတွင် လေကာပင်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲများတွင် မြို့နယ်ပေါင်းငါးမြို့နယ်ရှိ ကျေးရွာပေါင်း ၄၂ ရွာ၌ အသင်းဝင်ပေါင်း ၁၄၈၈ ဦးက ပါဝင်ပူးပေါင်းစိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် စက်မှုကဏ္ဍတွင်လည်း မကွေးတိုင်း၌ ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်တို့ရှိပြီး နယ်မြေတာဝန်ခံဝန်ကြီးကိုယ်တိုင် ကွင်းဆင်းစီမံကြီးကြပ်မှုများနှင့်အညီ အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် အသင်းဝင်လုပ်ငန်းရှင်များကပါ အားတက်သရောကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရေနံချောင်းစက်မှုဇုန်မှ သုံးဘီးဆိုင်ကယ်များ၊ Super Cub အမျိုးအစား ဆိုင်ကယ်များ၊ မော်တော်ယာဉ်နှင့် ယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ပြီဖြစ်သည့်အပြင် ပခုက္ကူစက်မှုဇုန်ကလည်း လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်နှင့် စက်ကိရိယာအစိတ်အပိုင်းများ ထုတ်လုပ်ဖြန့်ဝေရောင်းချနိုင်သည်ကို အားတက်ဖွယ်ရာတွေ့ရမည် ဖြစ်ပါကြောင်း။

## ဆက်လက်အကောင်အထည်ဖော်

အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများတွင်လည်း ယခင်က မကွေးတိုင်းတွင် အခြေခံပညာကျောင်းပေါင်း ၃၃၉၄ ကျောင်းရှိရာမှ ယခုအခါ ၃၈၇၅ ကျောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ယခင်ကတက္ကသိုလ်၊ကောလိပ်ပေါင်း သုံးကျောင်းရှိရာမှ ယခုအခါ ၁၇ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အခြေခံပညာအဆင့် ကျောင်းခွဲပေါင်း ၁၇၅ ကျောင်း၊ တွဲဖက်ကျောင်းပေါင်း ၁၇၈ ကျောင်းနှင့် မူလွန်ကျောင်းပေါင်း ၅၈၅ ကျောင်းအထိ ဖွင့်လှစ်သင်ကြားဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပညာလေ့လာဆည်းပူးကြသည့် ကျောင်းသား ကျောင်းသူဦးရေမှာလည်း ယခုအခါ ခြောက်သိန်းကျော်အထိ တိုးတက်လာကာ သက်ဆိုင်ရာကျောင်းအသီးသီးတွင် အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေကြပြီဖြစ်ပါကြောင်း၊ နယ်မြေတာဝန်ခံဝန်ကြီး၏ ပံ့ပိုးမှုဖြင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် မြို့နယ်ပေါင်း ၂၂ မြို့နယ်ရှိ ကျောင်းပေါင်း ၅၈ ကျောင်းသို့ တန်ဖိုးငွေကျပ် ၅၁ သိန်းကျော်ကို လည်းကောင်း၊ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ် ၁၂ မြို့နယ်မှ ကျောင်းပေါင်း ၂၉ ကျောင်းသို့ တန်ဖိုးငွေကျပ် ၈၁ သိန်းကျော်ကို လည်းကောင်း၊ မြို့နယ်ပေါင်း ၁၆ မြို့နယ်တွင် စာကြည့်တိုက်ပေါင်း ၂၀၈ ခုနှင့် ပညာအလင်းစာကြည့်တိုက်များသို့ စာအုပ်စာတမ်းများ၊ ပရိဘောဂများ စုစုပေါင်းငွေကျပ်တန်ဖိုး ၁၀ သိန်းကျော်ကိုလည်းကောင်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့သည့်အပြင် သက်ဆိုင်ရာနယ်မြေအသီးသီးရှိ အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် အသင်းဝင်များအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေး အထောက်အကူပေးမည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ခိုင်မာသည့်ချစ်ကြည်စည်းလုံးညီညွတ်မှု ရေရှည်ဖြစ်ထွန်းနေစေရန်ရည်မှန်း၍ ပြည်နယ်၊ပြည်မနှင့် နယ်စပ်ဒေသများ ပါမကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာအခြေခံများ တိုးတက်မြင့်မားရေးစီမံကိန်းအမျိုးမျိုးကို တစ်နိုင်ငံလုံးဖြန့်ကြက်စီမံဆောင်ရွက်လျက်ရှိရာ တတိယကာလတို ငါးနှစ်စီမံကိန်းသည် စတုတ္ထနှစ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

## ဆွေးနွေးစည်းရုံး

ပြည်ထောင်စုကြီးအတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍစသည့် ကဏ္ဍစုံသိသိသာသာ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသီးသီး၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲတင့်သိန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုးတက်လာစေရေးအတွက် မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်အနေဖြင့် နိုးကြားတက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် စီမံကိန်းသီးနှံများဖြစ်သော မြေပဲ၊နှမ်း၊ဝါ၊ကြံ၊နေကြာနှင့် ပဲမျိုးစုံသီးနှံများ စီမံကိန်းပြည့်မီအောင် စိုက်ပျိုးထွက်ရှိနိုင်ရေးအတွက် အင်အားအများစုဖြစ်သည့် ကျေးလက်အသင်းဝင်တောင်သူများအား ဆွေးနွေးစည်းရုံးလုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အောင်မြင်ရေးကိုလည်း နှစ်အလိုက် စီမံလျာထားချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မကွေးတိုင်းအတွင်း မြေသားလမ်း ၁၁၃ ဒသမ ၄၈ မိုင်၊ ကျောက်ခင်းလမ်း ၈ဒသမ ၂မိုင် ကူညီဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြို့နယ်ပေါင်း ၁၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၄၈ရွာ လမ်းပေါက်သွားခဲ့ပြီ ဖြစ်ပါကြောင်း။

ရေရရှိရေးကဏ္ဍတွင်လည်း မကွေးတိုင်းအတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ ရေကန်ပေါင်း ၁၆ ကန်၊ လက်နှိပ်တုံကင်တွင်း ခုနစ်တွင်း၊ စက်ရေတွင်း ၁၃ တွင်းတို့ကို မြို့နယ်ပေါင်း ၁၁မြို့နယ်ရှိ ကျေးရွာပေါင်း ၂၈ရွာ၌ တူးဖော်တပ်ဆင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

## ပံ့ပိုးဖြည့်ဆည်းပေး

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးပေါင်း ၄၁၂ ဦးအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းကျော် ထောက်ပံ့ပေးအပ်ကာ ကျောင်းနေနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်း၌ မြို့နယ်ပေါင်း ၁၁ မြို့နယ်ရှိ ကျောင်းပေါင်း ၄၃ ကျောင်းတွင် တန်ဖိုးအားဖြင့် ငွေကျပ် ၁၇သိန်းကျော်၊ ကျောင်းဆောင်သစ်ဆောက် လုပ်ခြင်းလုပ်ငန်းများအတွက် မြို့နယ်ပေါင်း ၁၁မြို့နယ်ရှိ ကျောင်းပေါင်း ၁၅ ကျောင်းသို့ ငွေကျပ် ၃၃သိန်းကျော်၊ သင်ထောက်ကူပစ္စည်းများဖြစ်သော ကွန်ပျူတာ၊ တီဗွီ၊ ကက်ဆက်၊ ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာ၊ ကျောင်းဆရာဆရာမ ငှားရမ်းခြင်းများအတွက် မြို့နယ်ပေါင်း ၁၂ မြို့နယ်ရှိ ကျောင်းပေါင်း ၂၉ ကျောင်းတွင် တန်ဖိုးအားဖြင့် ငွေကျပ် ရှစ်သိန်းကျော် ပံ့ပိုးကူညီနိုင်ခဲ့ပြီး အခြားပညာရေးလုပ်ငန်းများအတွက် မြို့နယ်ပေါင်း နှစ်မြို့နယ်တွင် ကျောင်းပေါင်း နှစ်ကျောင်း၌ တန်ဖိုးအားဖြင့် ငွေကျပ် လေးသောင်းကျော် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

## ဆောင်ရွက်ပေးနိုင်ခဲ့

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် မကွေးတိုင်းအတွင်းရှိ ဆေးရုံ၊ ဆေးခန်းပေါင်း ကိုးခု ပြုပြင်မွမ်းမံရေးအတွက် တန်ဖိုးငွေကျပ် ငါးသိန်းငါးသောင်းကျော်ကိုလည်းကောင်း၊ ဆေးပဒေသာပင် ရန်ပုံငွေအတွက် တန်ဖိုးငွေကျပ် ငါးသိန်းလေးသောင်းကျော်ကိုလည်းကောင်း၊ ဆေးပစ္စည်းအစုစုအတွက် တန်ဖိုးငွေကျပ် သုံးသိန်းခြောက်သောင်းကျော်ကိုလည်းကောင်း လှူဒါန်းကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

## ပေါင်းစပ်ညှိနှိုင်း

ကျေးလက်ဒေသပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်မြေဒေသအသီးသီးသို့ ကွင်းဆင်း စည်းရုံးရေးခရီးစဉ်များတွင် ဈေးကွက်ဝင်သီးနှံများ၊ စီမံကိန်းသီးနှံများ၊ မီးဖိုချောင်သုံး သီးနှံများစိုက်ပျိုးလုပ်ကိုင်ရေး၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ စိုက်ပျိုးမွေးမြူလုပ်ကိုင်နိုင်ရေးအတွက် ဆွေးနွေးဟောပြော ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

## ဆက်သွယ်ဆောင်ရွက်နေ

ထို့အပြင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမကွေးတိုင်းမှ ၁၉၈၈-၁၉၈၉ခုနှစ်တွင် ကျေးလက်တယ်လီဖုန်းလိုင်းအင်အား ၁၁၀ သာရှိခဲ့ရာမှ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် လိုင်းအင်အား ၁၈၀အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လိုင်းအင်အား ၇၀ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ထူးထူးခြားခြားဆောင်ရွက်မှုအနေဖြင့် မကွေးမြို့နယ်တွင် ကျေးလက်စည်းရုံးရေးနယ်မြေခြောက်ခု၌ ကျေးလက်လုပ်ငန်းပြည့် စာတိုက်သုံးခု၊ ကျေးလက်စာတိုက်ခွဲ နှစ်ခုဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၆၁ အုပ်စုရှိ ကျေးရွာပေါင်း ၂၁၄ ရွာသို့ ချောပစ္စည်းများ၊ ကြေးနန်းစာများ၊ ချောစာများကို မြို့နယ်လုံးကျွတ် ကျေးရွာအရောက် ပေးပို့ဆက်သွယ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့ပြင်မကွေး ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင်လည်း နယ်မြေတာဝန်ခံဝန်ကြီး၏ ကူညီစီစဉ်ပေးမှုဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အကူအညီရယူကာ မင်းဘူး(စကု)မြို့နယ် ထနောင်းတောကျေးရွာ၌ ၁၅ KVA ရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ အိမ်ခြေပေါင်း ၁၇၄ အိမ်၊ အိမ် ထောင်စုပေါင်း ၁၉၂ စု လျှပ်စစ်မီး ရရှိနေကြပြီဖြစ်သကဲ့သို့ ကံမမြို့နယ် ပုစဉ်းနိမ့်ကျေးရွာတွင်လည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆက်လက် ၍ တောင်တွင်းကြီးမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှ မြို့နယ်၊ မကွေးမြို့နယ်နှင့် အောင်လံမြို့နယ်များရှိ ကျေးရွာများတွင် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်သွားရန် စီမံထားရှိပြီး ဖြစ်ပါကြောင်း။

ထို့အပြင် မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရေအားသုံးလျှပ်စစ်တာဘိုင် စက်ဖြင့် ကျေးရွာများ မီးလင်းရေးဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ ကျေးရွာပေါင်း ၁၅ရွာတွင် ဆောင်ရွက်သွားရန် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်း။

## အစီအမံများချမှတ်ထား

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်အနေဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဖြစ်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ငွေကျပ် ၁၈သိန်းကျော်၊ ရေရရှိရေးကဏ္ဍတွင် ငွေကျပ် ၃၇ သိန်းကျော်၊ ပညာရေးကဏ္ဍတွင် ငွေကျပ် ၁၄၆သိန်းကျော်၊ ကျန်းမာရေးကဏ္ဍတွင် ငွေကျပ် ၁၆ သိန်းကျော်၊ ကျေးလက်လျှပ်စစ် မီးလင်းရေးကဏ္ဍတွင် ငွေကျပ် သိန်း ၈၀ ကျော် စုစုပေါင်း ငွေကျပ် ၂၉၉ သိန်းကျော် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် အစီအမံများလည်း ချမှတ်ထားရှိပြီး ဖြစ်ပါကြောင်း။

## လေ့ကျင့်ပျိုးထောင်

မကွေးတိုင်းအတွင်းရှိ အသင်းအဆင့်ဆင့်မှ အလုပ် အမှုဆောင်အဖွဲ့များအနေဖြင့် အသင်းဌာနချုပ်မှ ဖွင့်လှစ်သော သင်တန်းများသို့ သင်တန်းသားပေါင်း ၉၈၃ ဦးစေလွှတ်တက်ရောက်နိုင်ခဲ့ပြီး တိုင်းအတွင်းရှိ အသင်းအဆင့်ဆင့်အနေဖြင့်လည်း ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု(ဆင့်ပွား) သင်တန်းသို့ နေရာ ၃၅ နေရာ၌ သင်တန်းသားပေါင်း ၂၈၅၂ ဦးကိုလည်းကောင်း၊ စီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်းများကို နေရာပေါင်း ၂၀၊ သင်တန်းသားပေါင်း ၂၄၃၃ ဦး ကိုလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေး(အင်္ဂလိပ်စကားပြော) သင်တန်းကို သင်တန်းနေရာ ခြောက်နေရာ၊ သင်တန်းသားပေါင်း ၂၀၅ ဦးကိုလည်းကောင်း၊ အခြေခံကွန်ပျူတာသင်တန်းကို သင်တန်းနေရာ ၁၄ နေရာ၊ သင်တန်းသားပေါင်း ၃၄၄ ဦးကိုလည်းကောင်း၊ ဂီတသုခုမအနုပညာ သင်တန်းကို သင်တန်းနေရာ ငါးနေရာ၊ သင်တန်းသားပေါင်း ၂၆၃ ဦးကို လည်းကောင်း၊ အားကစားသင်တန်းကို သင်တန်းနေရာ ၂၂နေရာ၊ သင်တန်းသားပေါင်း ၈၉၇ ဦးကို လည်းကောင်း၊ မီးသတ်သင်တန်းကို သင်တန်းနေရာ နှစ်နေရာ၊ သင်တန်းသားပေါင်း ၈၀ ကိုလည်းကောင်း လေ့ကျင့်ပို့ချနိုင်ခဲ့သည့်အတွက် မကွေးတိုင်းအတွင်း လူငယ်လူရွယ်ပေါင်း သုံးသိန်းကျော် လေ့ကျင့်ပျိုးထောင် ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပတ်သက်ပြီး ဖွံ့ဖြိုးရေးအထောက်အကူပြု စီမံကိန်းဖြစ်ကာ သဘာဝအခြေအနေများကြောင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းကြီးဖြစ်သော ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းဝင် မကွေးတိုင်းအသင်းမှ မကွေး၊ မင်းဘူး၊ ပခုက္ကူနှင့်သရက်ခရိုင်များတွင် အသင်းဝင်များအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုး လောင်စာအသုံးပြုရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို ပူးပေါင်းပါဝင် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

## ဆက်လက်ပါဝင်

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အနှစ် ၃၀ ဘက်စုံစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် စိမ်းလန်းစိုပြည်သော တောကောင်းများ ဖြစ်ပေါ်လာကာ မိုးလေဝသ မှန်ကန်ကောင်းမွန်၍ စိုက်ပျိုးသီးနှံများပါ ဖြစ်ထွန်းအောင်မြင်ရရှိခံစားနေကြရပြီး ပူပြင်းခြောက်သွေ့သည့် မိမိတို့ဒေသ ကန္တာရတစ်ပိုင်း ဖြစ်မလာစေရန် ကြိုတင်ကာကွယ်နိုင်ခဲ့၍ ဝမ်းသာပီတိဖြစ်မိသကဲ့သို့ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် အားတက်သရော ဆက်လက်ပါဝင် ဆောင်ရွက်သွားရန် ပြင်းပြလျက်ရှိကြောင်းကို ထပ်လောင်းတင်ပြလိုကြောင်းဖြင့် တင်ပြသွားသည်။

## မန္တလေးတိုင်း

ထို့နောက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းက တင်ပြရာတွင် လူငယ်လူရွယ်များအား လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျွမ်းကျင်ပြီး စွမ်းရည်မြင့်မားစေသည့် အမျိုးသားယဉ်ကျေးမှု စာရိတ္တ ပညာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ နိုင်ငံတကာဆက်ဆံရေး(အင်္ဂလိပ်စကားပြော)သင်တန်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ အားကစားသင်တန်းများ၊ ပန်းချီအနုပညာသင်တန်း၊ စည်းရုံးရေးဆိုင်ရာ(ဆင့်ပွား)သင်တန်းတို့ ဖွင့်လှစ်ပြီး လူငယ်ပေါင်း ၈၁၂၉၂၇ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးတို့ကို ထည့်သွင်း ပို့ချပေးခဲ့ပါကြောင်း။

## ရိုက်နှိပ်ဖြန့်ဝေပေး

ကျောင်းနေအရွယ်ကလေး ၉၇၄၆ဦးကို ကျောင်းပေါ်ရောက်အောင်လည်း အားထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယင်းအနေအထားသည် တိုးတက်သည့် ဖွံ့ဖြိုးပြီး မည်သည့်နိုင်ငံနှင့်မဆို ယှဉ်ပြိုင်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

**စာမျက်နှာ ၁၀ မှ**

e-Library ဖွင့်လှစ်မှုနှင့်ပတ်သက်၍ တင်ပြရလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မန္တလေးတိုင်းအတွင်း ယခင်နှစ်များက e-Library ခုနစ်ခု ဖွင့်လှစ်ထားရှိရာမှ ယခုအခါတွင် နာယက တိုင်းမှူး၏ ပံ့ပိုးကူညီသည့် ကွန်ပျူတာ ၃၁ လုံးအပါအဝင် ကွန်ပျူတာ ၄၁ လုံးဖြင့် မြို့နယ်တိုင်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်တိုင်းကို ပညာရပ်ဆိုင်ရာ CD အချပ် ၂၅၀ ဖြင့်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆွေးနွေးပွဲ စကားဝိုင်းများ ကျင်းပဆောင်ရွက်မှုအနေဖြင့် တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အထိ စီမံချက်များရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မန္တလေးတိုင်းနယ်မြေတာဝန်ခံ ဝန်ကြီး၏ မှာကြားမှုဖြင့် ပြည်သူများအနေနှင့် လက်တွေ့ဘဝအခြေအနေမှန်ကို သိရှိနိုင်အောင် ကျေးရွာအသင်းများအထိ သတင်းအချက်အလက်များ စုဆောင်းပြီး ရိုးရိုးသားသား အဖြစ်မှန်များကို ဗဟိုသို့တင်ပြနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နန်းမြင့်ဂျာနယ်နှင့် မြန္မာသတင်းလွှာများကို မန္တလေးတိုင်း၏ သတင်းအကြောင်းအရာများ ဝေဝေဆာဆာဖော်ပြလျက် ရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြို့ပြနှင့် ကျေးလက်နေလူထု၏ လိုအပ်ချက်များကို ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့်အညီအညွတ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (၂၀၀၃-၂၀၀၄)အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို တင်ပြလိုကြောင်း။

ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ပြည်သူလူထု၊ အသင်းဝင်များနှင့်အတူ-

- မြေသားလမ်းပေါင်း ၁၆၆လမ်း ဖောက်လုပ်နိုင်ခဲ့ပြီး မိုင် ၃၅၃ဒသမ ၅၅မိုင် ဖောက်လုပ်ပြီးစီးခဲ့ပါကြောင်း၊
- ကျောက်ခင်းလမ်း ၅၄လမ်းတွင် ၆၈ဒသမမိုင် ၅၀ ဖောက်လုပ်ပြီးစီးခဲ့ပါကြောင်း၊
- ကတ္တရာလမ်း သုံးနေရာတွင် ပေ ၄၅၅၀ ဖောက်လုပ်နိုင်ခဲ့ပါကြောင်း၊
- လမ်းများဖောက်လုပ်ပေးသကဲ့သို့ တံတား ၁၆စင်းတည်ဆောက်ပေးနိုင်ခဲ့ပြီး ရဟန်းရှင်လူများသာမက ကျွဲနွားတိရစ္ဆာန်များပါ ချမ်းချမ်းသာသာ ဖြတ်ကူးလျက်ရှိပါကြောင်း။

# ပြည်သူများလက်တွေ့ဘဝအခြေအနေမှန်ကို သိရှိနိုင်ရေး နန်းမြင့်ဂျာနယ်နှင့် မြန္မာသတင်းလွှာများ ရိုက်နှိပ်ဖြန့်ဝေလျက်ရှိ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသီးသီး၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသရေရရှိရေးအနေဖြင့် သောက်သုံးရေကန် ၅၄ကန်၊ စက်ရေတွင်း ၁၄၁တွင်း၊ လက်နှိပ်တွင်း ၁၀၄တွင်းအား အသင်းဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပြုပြင်တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မန္တလေးတိုင်းနာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ကျပ်သိန်း ၃၀၀ ထောက်ပံ့မှုဖြင့် ပထမအကြိမ်တွင် ရေတွင်းပေါင်း(တွင်းတိမ်) ၄၁တွင်းကို တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းအပြင် နာယကတိုင်းမှူး၏ ဒုတိယအကြိမ် ပံ့ပိုးမှုဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ စက်ရေတွင်း၊ လက်နှိပ်တွင် ၃၉ တွင်းကို ကျပ်သိန်း ၂၀၀၊ ပြည်သူလူထုက ကျပ်သိန်း ၇၀ကျော်ကုန်ကျခံ၍ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလအတွင်း တူးဖော်ပေးနိုင်ခဲ့ပါကြောင်း။

## ကျပ်သိန်း ၅၀၀ပံ့ပိုးခဲ့

ပညာရေးအနေဖြင့် တင်ပြရမည်ဆိုပါက ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကြံ့ခိုင်ရေးတွဲဖက်အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၃၄ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မန္တလေးတိုင်းနာယက တိုင်းမှူးက ကျောင်းများပြုပြင်ရန်အတွက် ပထမအကြိမ်ကျောင်းပေါင်း ၆၀အတွက် ကျပ်သိန်း ၃၀၀နှင့် ဒုတိယအကြိမ် ကျောင်းပေါင်း ၅၀အတွက် ကျပ်သိန်း၂၀၀ စုစုပေါင်းကျောင်း ၁၁၀ အတွက် ကျပ်သိန်း ၅၀၀ပံ့ပိုးကူညီခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ဗဟိုမှပံ့ပိုးငွေဖြင့် မန္တလေးတိုင်းအတွင်း ကျောင်းလေးကျောင်းနှင့်အလှူရှင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစီအစဉ်နှင့် ကျောင်း၄၀ စုစုပေါင်း ၄၄ကျောင်းဆောင်ရွက်ခဲ့ပါကြောင်း။

မန္တလေးတိုင်းအတွင်း ကျောင်းပေါင်း ၁၅၄ကျောင်းအတွက် ပြည်သူလူထုထည့်ဝင်ငွေ ၂၇၄သိန်းအပါအဝင် စုစုပေါင်း ကျပ်သိန်း ၇၇၄သိန်းဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာတိုင်းပညာရေးမှူးထံ တိုင်းအသင်းနှစ်ပတ်လည်အခမ်းအနား၌ လွှဲပြောင်းအပ်နှံပေးပြီးဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးလက်ဆေးပေးခန်း အသစ်ဆောက်လုပ်မှု ၂၇ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အဟောင်းပြုပြင်ခြင်း ၁၀ခု၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြင်ဆင်ခြင်း ၄၀ စုစုပေါင်း၅၀ ရှိပြီး နိုင်ငံတော်၏ကျန်းမာရေးစီမံကိန်းတိုင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ခန္ဓာကိုယ်ထဲက သွေးဖောက်လှူဒါန်းမှုသည် သွေးပုလင်းပေါင်း သုံးထောင်ကျော် နေပြီဖြစ်ပါကြောင်း။

စိုက်ပျိုးရေးရရှိရေးအတွက် ရေလွှဲဆည်တည်ဆောက်ခြင်း၊ လယ်ကြားမြောင်း၊ လက်တံမြောင်း တူးဖော်ခြင်းလုပ်ငန်းများကို လုပ်ငန်းပေါင်း ၃၄နေရာ၌အင်အား ၇၀၆၅ဦးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကျေးရွာမီးလင်းရေး

ကျေးလက်ဒေသဇီဝဓာတ်ငွေ့ဖြင့် မီးလင်းရေးအနေဖြင့် ကျေးရွာ ၁၅ရွာ၊ အိမ်ခြေ ၃၅၂၁အိမ်၊ မီးချောင်းပေါင်း ၂၆၈၇ချောင်း မီးလင်းနေပြီဖြစ်ပါကြောင်း၊ ကျောက်ဆည်ခရိုင်တွင် ကျေးရွာ ၁၃ရွာနှင့် နာယက တိုင်းမှူး၏ပံ့ပိုးမှုဖြင့် ကျေးရွာ ၄၈ရွာ ဇီဝဓာတ်ငွေ့ဖြင့် မီးလင်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

## မီးလင်းနေပြီ

မီးစက်ဖြင့် မီးပေးနိုင်မှုအခြေအနေမှာ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည် တောင်ရပ်ကွက်တို့တွင် အိမ်ခြေပေါင်း ၅၃၀ မီးလင်းနေပြီဖြစ်ပါကြောင်း။

ရေအားလျှပ်စစ်စက်ရုံဖြင့် မီးပေးဝေနိုင်မှုမှာ မိုးကုတ်မြို့နယ် ညောင်ကုန်းရေအားလျှပ်စစ်စက်ရုံမှ အိမ်ခြေ ၅၇အိမ်ကိုလည်းကောင်း၊ ကျောက်နဂါးကျေးရွာရေအားလျှပ်စစ်စက်ရုံမှ အိမ်ခြေပေါင်း ၄၃အိမ် မီးပေးဝေလျက်ရှိပါကြောင်းဖြင့် တင်ပြသွားသည်။ ။

# ကျေးလက်ပြည်သူများနှင့်ပူးပေါင်း၍ မီးလင်းရေးဆောင်ရွက် နိုင်ငံတော်နှင့်တစ်မျိုးသားလုံးအတွက် အမျိုးသားရေးတပ်ဦးအဖြစ်ရပ်တည်မည်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသီးသီး၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ မွန်ပြည်နယ်ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သူရက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

## မွန်ပြည်နယ်

ယင်းနောက် မွန်ပြည်နယ် ရေးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သူရက တင်ပြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကဏ္ဍငါးရပ်မှ ကျေးလက်ရေရရှိရေးအတွက် တစ်နှစ်တာကာလအတွင်း ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အသင်းမှ ဘိလပ်မြေ၊ သွပ်၊ သံ ပံ့ပိုးငွေ ကျပ်သိန်း၃၀၊ ပညာရေးကဏ္ဍအတွက် ငွေကျပ် ၁၄၅ သိန်း၊ ကျန်းမာရေးကဏ္ဍအတွက် ငွေကျပ်သိန်း ၅၅၀၊ ကျေးလက်ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၄၅ သိန်း၊ လမ်းပန်းဆက်သွယ်ရေး နှင့်ပတ်သက်၍ ငွေကျပ်သိန်း ၅၀၊ လူမှုရေးနှင့်သာသနာရေးလုပ်ငန်းအတွက် ငွေကျပ် ၅၈ သိန်း ၆ သောင်းကျော် စုစုပေါင်း ကျပ်သိန်း ၃၇၈၆၀၄၀၀ အသီးသီး ကူညီပံ့ပိုးထောက်ပံ့ပေးခဲ့ပါကြောင်း။

## ပံ့ပိုးကူညီပေး

မွန်ပြည်နယ်အသင်းအနေဖြင့် ပြည်နယ်အတွင်း ပေါ်ပေါက်ခဲ့သော မီးဘေး၊ လေဘေးကျရောက်ခဲ့သော ဒေသနေပြည်သူများအားလည်း ငွေအား၊ လူအား၊ ထောက်ပံ့ပစ္စည်းများဖြင့် ပံ့ပိုးကူညီပေးနိုင်ခဲ့ပါကြောင်း။

## အကျိုးတူပူးပေါင်းဆောင်ရွက်

ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ပြည်သူလူထုနှင့် ပူးပေါင်းပြီး မီးလင်းရေးကိစ္စများ ဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့နယ်တွင် အသေးစားရေအားလျှပ်စစ် ခြောက်ခုကိုလည်းကောင်း၊ ဘီးလင်းမြို့နယ်တွင် အသေးစားရေအားလျှပ်စစ် နှစ်ခုကိုလည်းကောင်း၊ သထုံမြို့နယ်တွင် အသေးစားရေအားလျှပ်စစ်တစ်ခုကိုလည်းကောင်း၊ ပေါင်မြို့နယ်တွင် အသေးစားရေအားလျှပ်စစ်ခြောက်ခုကိုလည်းကောင်း အကျိုးတူပူးပေါင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

၎င်းအပြင် ရေးမြို့နယ် မာန်အောင်ကျေးရွာတွင် ၃၀ ကေဗွီအေ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ကျိုက်မရောမြို့နယ် ကျုံဝမ်းကျေးရွာတွင် ဇီဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် ကျေးရွာနေ ပြည်သူများနှင့် မြို့နယ်အသင်းတို့ ပူးပေါင်း၍ စည်းရုံးဆောင်ရွက်ဆဲဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမိနိုင်ငံတော်အတွက် တစ်ခုတည်းသော အမျိုးသားရေးအသင်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာအောင် အမျိုးသားရေးတပ်ဦးအဖြစ် မားမားမတ်မတ် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်သွားမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။ ။

# ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ရခိုင်ပြည်နယ်အတွင်းရှိ အသင်းအဆင့်ဆင့်တို့က ပူးပေါင်းပါဝင်ခဲ့

## ရခိုင်ပြည်နယ်

ဆက်လက်၍ ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးတင်ထွန်းက တင်ပြရာတွင် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၏ အနှစ်သာရဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဟောပြောပွဲများ၊ သင်တန်းများမှတစ်ဆင့် ပြည်သူလူထုအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ဘာသာရေး၊ သာသနာရေး၊ လူမှုရေးပွဲတော်များနှင့် လူမှုရေးလုပ်ငန်းအသီးသီးတွင် အသင်းအဆင့်ဆင့်တို့မှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ ၂၀၀၄ ခုနှစ် မေလ ၁၉ရက်က ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့တွင် လေဘေးဒဏ် ခံခဲ့ရပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)မှ လေဘေးဒဏ်သင့် မြို့နယ်များ၊ ပြည်သူများသို့ အလှူငွေကျပ်သိန်း ၁၀၀လှူဒါန်းခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အသင်းအနေဖြင့်လည်း လေဘေးဒဏ်သင့် မြို့နယ်များသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းခဲ့ပြီး လေဘေးဒဏ်ခံရသည့် မြို့နယ်များမှ ပြည်သူများနေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များ အဆင်ပြေစေရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို အသင်းဝင်များ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းကူညီဆောင်ရွက်ခဲ့ကြသည့်အပြင် လိုအပ်သည့်ငွေကြေး၊ ဆန်၊ဆေးဝါး၊သောက်ရေ၊ သုံးရေများကိုလည်း ပေးအပ်လှူဒါန်းနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် ၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်က သံတွဲမြို့နယ်တွင် ရေလွှမ်းမိုးဒဏ်ခံခဲ့ရရာ ရခိုင်ပြည်နယ်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသီးသီး၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အသင်းအနေဖြင့် ရေလွှမ်းမိုးခံ ကျေးလက်နေပြည်သူများထံသို့ ဆန်အိတ်များ လှူဒါန်းပေးနိုင်ခဲ့ပါကြောင်း။

## ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်

ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် မြေသားလမ်းများဖောက်လုပ်ခြင်း၊ ကျောက်ခင်းလမ်းများခင်းခြင်း၊ အရှည် ၁၂မိုင် တံတားငယ်များတည်ဆောက်ခြင်း၊ ငါးခုပြုပြင်ခြင်း၊ ၁၇ခုကို အသင်းဝင်များဦးဆောင်ပြီး ကျေးရွာလူထုများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

**စာမျက်နှာ ၁၁ မှ**

ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေတွင်း ခုနစ်ခု၊ ရေကန်ပြုပြင်ခြင်း ၁၀ခု၊ အသစ်တူးဖော်ခြင်း ၁၃ခု၊ လက်နှိပ်ရေတုံကင်များတပ်ဆင်ပေးခြင်း၊ ရေတွင်းရေကန်များ သန့်ရှင်းရေးအတွက် ခြံစည်းရိုးများကာရံပေးခြင်းလုပ်ငန်းများကို အသင်းမှ ငွေအင်အား၊ လူအင်အားဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကျေးရွာများ မီးရရှိရေးအတွက် ပြည်သူအား စည်းရုံးဆောင်ရွက်လျက် မီးချောင်းများ၊ လျှပ်စစ်ပစ္စည်းများ လှူဒါန်းပေးနိုင်ခဲ့ပါကြောင်း။

**ဂျာနယ်စာစောင်များလှူဒါန်း**

ကျေးလက်ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းလာအောင်ပြုပြင်ခြင်း၊ အမိုးအကာများပြုလုပ်ပေးခြင်း၊ ခြံစည်းရိုးများကာရံပေးခြင်းနှင့် ကျောင်းသုံးပရိဘောဂ စားပွဲ၊ ကုလားထိုင် ၁၂၉၈ စုံ လှူဒါန်းခြင်း၊ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့လှူဒါန်းခြင်း၊ ကျောင်းသုံး ဗလာစာအုပ်နှင့်ခဲတံများ လှူဒါန်းပေးခြင်း၊ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေနိုင်ရေးအတွက် ပညာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ စာသင်ကျောင်းများ အမိုးကာရန်အတွက် သွပ်ပြား ၃၆၄ ချပ် လှူဒါန်းပေးခြင်း၊ ကျေးလက်ဒေသကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းတို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်၊စာစောင်များ လှူဒါန်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးလက်နေပြည်သူများ ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းအနေဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကို မိတ်ဖက်လူမှုရေးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ တိုင်းရင်းဆေးကို အားကိုးအားထားပြုလာစေရန် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာအထိ ကွင်းဆင်းစည်းရုံးဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ အထူးကုဆရာဝန်ကြီးများဖြင့် ကျေးလက်ဒေသအရောက် ကွင်းဆင်းကုသရာတွင် ပါဝင်ကူညီခြင်း၊ ကျေးလက်ဆေးပေးခန်းများပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများအတွက် အသင်းဝင်များပါဝင်ကူညီခြင်း၊ အလှူငွေများပါဝင်လှူဒါန်းခြင်း၊ ဆောက်လုပ်ရေးအတွက်လိုအပ်သော ဘိလပ်မြေနှင့် သွပ်များလှူဒါန်းခြင်း၊ ဆေးဝါးများလှူဒါန်းခြင်းနှင့် ယင်လုံအိမ်သာအတွက် ပစ္စည်းများ လှူဒါန်းခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာရှိ အိမ်ထောင်စုများကို တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ရန်အတွက် ကြက်နှင့်ဝက်များ ထောက်ပံ့ကူညီနိုင်သကဲ့သို့ ကျေးလက်ပြည်သူများသို့ မျိုးစေ့များ၊ အထွက်ကောင်း မျိုးစပါးများ ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပါကြောင်း။

**ဖွင့်လှစ်သင်ကြားပေး**

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စွမ်းရည်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိရာ ရေကြောင်းရဲညွှန့်လောင်းသင်တန်း၊ တန်းမြင့်နှင့်အခြေခံသင်တန်းတွင် လူငယ် ၇၀၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းကို အသင်းဝင်လူငယ် ၄၈၀၆၀၀၊ နွေရာသီအားကစားသင်တန်းအမျိုးအစားပေါင်း ၁၀ မျိုး၊ စာပန်းချီသင်တန်း၊ အခြေခံပညာ သင်တန်းများ၊ ဘင်ခရာသင်တန်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အခမဲ့စေတနာ သင်တန်းများတွင် အသင်းဝင်လူငယ် ၃၂၇၄ ဦးတို့ဖြင့် ဖွင့်လှစ်သင်ကြားပေး နိုင်ခဲ့ပါကြောင်း။

အမျိုး ဘာသာ သာသနာကို စောင့်ရှောက်သော လူငယ်များဖြစ်လာစေဖို့အတွက် စေတီပုထိုးများနှင့် ရွှေသင်္ကန်း၊ ထုံးသင်္ကန်းကပ်လှူဒါန်းခြင်း၊ ဘုရား၊စေတီ၊ကျောင်း၊ ပရဝဏ်များ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သက်ကြီးရွယ်အိုများအား သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲများတွင် အသင်းဝင်လူငယ်များ ပါဝင်ဆင်နွှဲစေခြင်း၊ ထို့ပြင် အသင်းဝင်လူငယ်များ စုပေါင်းသွေးလှူဒါန်းခြင်းများကို စည်းရုံးဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဖြင့် တင်ပြသွားသည်။

# လူငယ်ထု ကျစ်လျစ်ခိုင်မာရေး ဆွေးနွေးပွဲများပြုလုပ် ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသီးသီး၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကို တင်ပြကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း**

ယင်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က တင်ပြရာတွင် မိမိတို့ ရန်ကုန်တိုင်းအနေဖြင့် အသင်းဝင်များ အရေအတွက်မှ အရည်အချင်းပြည့်မီပြီး ကျစ်လျစ်ခိုင်မာသည့် အင်အားစုကြီးဖြစ်ပေါ်လာရေးအတွက် ဗဟိုကဖွင့်လှစ်သည့် သင်တန်းမျိုးစုံတွင် ၁၈၃ဦး၊ မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေးဆင့်ပွားသင်တန်းကို (၁၃)ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း ၈၃၂ဦး တစ်ပြိုင်နက်လျှင် တစ်နှစ်ကို သုံးကြိမ်နှုန်းဖြင့် စည်းရုံးရေးသင်တန်းကို (၁၀၃)ကြိမ်တွင် သင်တန်းသားပေါင်း၆၄၀၃ဦး၊ ကွန်ပျူတာအခြေခံနှင့် အဆင့်မြင့်နှင့် e-mail & Internet သင်တန်းကို အကြိမ်(၉၀)တွင် သင်တန်းသား ၉၀၆၉ဦး၊ အားကစားသင်တန်းများ၊ ဂီတသုခုမသင်တန်းများ (၆၅)ကြိမ်တွင် သင်တန်းသားပေါင်း ၁၀၂၀၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများတွင် ၂၅၇၃ နေရာ၌ သင်တန်းသားပေါင်း ၃၆၁၄၃၉ဦး တက်ရောက်နိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၃၈၃၇၂၉ ဦးကို လေ့ကျင့်ပျိုးထောင်နိုင်ခဲ့ပါကြောင်း။

**လူငယ်ထုစည်းရုံးရေး**

ထို့အပြင် ခွင်ကျကွက်ပြည့် စည်းရုံးရေးလုပ်ငန်းများကို မြို့နယ်ပေါင်း၄၅ မြို့နယ်တွင် မိမိအသင်းအနေဖြင့် ပြည်သူများ၊ မိမိအသင်းဝင်များ၊ လူငယ်ထုများနှင့် ပိုမိုထိတွေ့ စည်းရုံးလှုပ်ရှားနိုင်ခဲ့သည့်အတွက် စည်းရုံးရေးအခြေစိုက်စခန်းများကိုလည်း ၁၁နေရာဖွင့်လှစ်နိုင်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်များမှ ငွေကျပ် ၅၀၁၅၈၅၀တန်ဖိုးရှိ စည်းရုံးရေးအထောက်အကူပစ္စည်းများဖြစ်သော ရုပ်မြင်သံကြားစက်၊ အောက်စက်၊ မီးစက်၊ အဆောက်အအုံနှင့် ကိုယ်စားလှယ်များ စသည်တို့ကို လစဉ်ပံ့ပိုးပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရှိ အသင်းဝင်လူငယ်ထု အင်အားသည် ကျား ၉၆၉၈၉၂ ဦးနှင့် မ ၁၉၁၉၇၂၀၊ စုစုပေါင်း ၁၈၈၉၆၁၂ဦး ရှိပါကြောင်း၊ လူငယ်များ အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်စေရန်အတွက် လူငယ်ထု စည်းရုံးရေးရာကို အောက်ပါအတိုင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

လူငယ်ထုကျစ်လျစ်ခိုင်မာရေးအတွက် ရန်ကုန်တိုင်း မြို့နယ်၄၅မြို့နယ်သို့ သွားရောက်ပြီး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လူငယ်ထုအတွင်း လေ့ကျင့်ပညာပေးရေးအတွက် လူငယ်များစွမ်းရည်မြင့်မားစေရန် ရန်ကုန်တိုင်းအတွင်း မြို့နယ်များတွင် အခြေခံစည်းရုံးရေးသင်တန်းများ၊ မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ e-mail & Internet သင်တန်းများ၊ အားကစားသင်တန်းများ၊ ဂီတသုခုမသင်တန်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တသင်တန်းများဖွင့်လှစ်ခြင်း၊ အမျိုးသမီးထု စည်းရုံးရေးကိုလည်း လုပ်ငန်းစဉ်ခုနစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအလိုက်တင်ပြအပ်ပါကြောင်း။

(က) ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းတွင် ပညာဒါနသင်တန်းများဖွင့်လှစ်ခြင်း၊ ပညာရေးဖွံ့ဖြိုးမှုတွင် ပညာမသင်နိုင်သော ကျောင်းသားများအား ပညာသင်ကြားနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ်၁၂သိန်းကို ထောက်ပံ့ပေးအပ်ခြင်း၊

(ခ) အမျိုးသမီး ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းတွင် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ မိမိအသင်းဝင်ကို ကျန်းမာရေး စောင့်ရှောက်မှုအတွက် ငွေကျပ်၆၀၀၀၀ကိုထောက်ပံ့ပေးခြင်း၊

(ဂ) အမျိုးသမီးစီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းတွင် အမျိုးသမီးအလုပ်အမှုဆောင်များ၊ အမှုဆောင်များ၊ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် ရင်းနှီးငွေကျပ် ၅၅၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ခြင်း၊

(ဃ) အမျိုးသမီးလူမှုရေးနှင့် ယဉ်ကျေးမှုရေးရာလုပ်ငန်းတွင် ရန်ကုန်တိုင်းအတွင်းရှိ ၄၅ မြို့နယ်၌ အမျိုးသမီးဝတ်ရွတ်အသင်းများ ဖွဲ့စည်း၍ အပတ်စဉ် စနေနေ့တိုင်း ရွှေတိဂုံဘုရားတွင် အဖွဲ့ဝင် ၂၅ ဦးဖြင့် ဝတ်ရွတ်ပူဇော်ခြင်း၊ ၁၂-၉-၂၀၀၃ နေ့တွင် အင်းစိန်မြို့နယ် ဓမ္မဝါဒီ သီလရှင်စာသင်တိုက်တွင် ဆွမ်း၊ ဆန်၊ ဆီ၊ ဆေးနှင့် ဝတ်စုံများ လောင်းလှူပွဲ၌ ငွေကျပ် ၁၅၃၈၀၀၀ တန်ဖိုးရှိ ပစ္စည်းများလှူဒါန်းမှုပြုခဲ့ခြင်း၊

(င) အမျိုးသမီးအကြမ်းဖက်မှုကာကွယ်ရေး၊ အမျိုးသမီးငယ်ရွယ်များဖွံ့ဖြိုးရေးနှင့် အားကစားလုပ်ငန်းများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အမျိုးသမီးငယ်ရွယ်ဖွံ့ဖြိုးရေးအတွက် စက်ချုပ်သင်တန်းများဖွင့်လှစ်ခြင်း၊ အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်ခြင်း၊ အမျိုးသမီးအခြေခံစည်းရုံးရေးသင်တန်းများနှင့် အိမ်တွင်းမှုသက်မွေးပညာ သင်တန်းများကို စုစုပေါင်းအင်အား ၅၁၀ နှင့် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဂိုးကျဉ်းဘောလုံးပြိုင်ပွဲတွင် အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခြင်း၊

(စ) အမျိုးသမီးဆိုင်ရာ လူမှုရေးအဖွဲ့အစည်းနှင့် အမြဲမပြတ်ဆက်သွယ်စည်းရုံးရေးလုပ်ငန်းတွင် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ ဟောပြောပွဲကို တိုင်းအသင်းရုံးတွင် အမျိုးသမီးအသင်းဝင်အင်အား ၄၅၀ ဖြင့် ကျင်းပခြင်းတို့ကို ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြောင်း။

**အလှူငွေများထောက်ပံ့**

ရန်ကုန်တိုင်းအတွင်း ဗဟိုအလုပ်အမှုဆောင်များသည် ကွင်းဆင်းဆောင်ရွက်စဉ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ စည်းရုံးရေးလုပ်ငန်းစဉ်များ၊ ဥပဓိရုပ်ကောင်းမွန်ရေးလုပ်ငန်းစဉ်များ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းစဉ်များ၊ ရေရရှိရေးလုပ်ငန်းများ၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများဖြစ်သော ခြင်ဆေးဖျန်းပုံးများ၊ ဖိနပ်များ၊ လက်အိတ်များ၊ ပညာရေးဖွံ့ဖြိုးရေးအတွက် ကျောင်းပဒေသာပင်စိုက်ထူခြင်းလုပ်ငန်းများ၊ စာရေးကိရိယာများ၊ ပရိဘောဂများ၊ အားကစားပစ္စည်းများ၊ စည်းရုံးရေးအခြေစိုက်စခန်းများတွင် အသုံးပြုသော ပစ္စည်းများ၊ အသင်းများတွင် ရန်ပုံငွေတောင့်တင်းရန်အတွက် အလှူငွေများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

စက်မှုကုန်ထုတ်လုပ်ငန်းများကို ရန်ကုန်တိုင်း ခရိုင်အသင်း လေးခရိုင်တွင် အထည်ချုပ်စက်ရုံနှင့်အထည်ချုပ်သင်တန်းနှစ်ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ရန်ကုန်တောင်ပိုင်းခရိုင်အသင်းတွင် ထင်းအစားထိုးမီးသွေးတောင့်စက်ရုံကို စတင်တည်ဆောက်ထုတ်လုပ်လျက်ရှိပါကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ရှေ့လုပ်ငန်းစဉ်ပါ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ခရီးသွားလာရေးလွယ်ကူစေမည့် လုပ်ငန်းများဖြစ်သည့်-

- ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးခြင်း၊
- Internet & e-mail သင်တန်းဖွင့်လှစ်၍ ဝန်ဆောင်မှုပေးခြင်းနှင့် မော်တော်ယာဉ် လိုင်းပြေးဆွဲခြင်းလုပ်ငန်းတို့ ဖြစ်ပါကြောင်း။
- ကွန်ပျူတာသင်တန်းကို တိုင်းအသင်းရုံးတွင် ကွန်ပျူတာအလုံး ၅၀၊ နည်းပြဆရာ ၁၂ ဦးဖြင့် လစဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။
- Internet & e-mail သင်တန်းကို ရန်ကုန်တိုင်းအသင်းရုံးတွင် ကွန်ပျူတာအလုံး ၂၀ ဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။

**ရေဘေးလွတ်ရာပို့ဆောင်**

လူမှုရေးအဖွဲ့အစည်းများအဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများတွင် အသင်းဝင်များစုပေါင်း၍ သွေးပုလင်းပေါင်း ၂၈၉၀လှူဒါန်းနိုင်ခဲ့ပါကြောင်း၊ တိုက်ကြီးမြို့နယ်ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းငွေကျပ် ၃၇၅၁၇၅၀လှူဒါန်းပြီး ထန်းတပင်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်ကာ ဆန် ၂၈၇အိတ်၊ ဆားပိဿာ ၁၀၀၊ ငွေကျပ် ၃၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ပဲခုနစ်အိတ်၊ ပုစွန်ငါးပိ ပိဿာ၆၀ကို လှူဒါန်းနိုင်ခဲ့ပါကြောင်း၊ ထန်းတပင်မြို့နယ်တွင် ကျေးရွာပေါင်း ၂၆ရွာ ရေလွှမ်းမိုးမှုဒဏ်ခံရသဖြင့် အိမ်ထောင်စု ၂၇၃စု၊ လူဦးရေ ၁၁၃၈ဦးအား ရေဘေးကင်းလွတ်ရာသို့ ပို့ဆောင်ကူညီပေးနိုင်ခဲ့ပါကြောင်း။

အဖျောက်မြို့တွင်လည်း ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုနှင့် ဥက္ကံမြို့တွင် သုံးခုဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် တိုက်ကြီး၊ အဖျောက်၊ မှော်ဘီမြို့နယ်များမှ ရေလွှမ်းမိုးသဖြင့် သွားလာရေးခက်ခဲနေသည့် တက္ကသိုလ်ကျောင်းသားများအား ကျောင်းတက်ရက်မပျက်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း(မှော်ဘီ) အိပ်ဆောင်များတွင် ယာယီနေရာချထားပေးနိုင်ခဲ့ပါကြောင်း၊ အဖျောက်ကယ်ဆယ်ရေးစခန်းတွင် အသင်းဝင်များအား ရန်ကုန်တိုင်းအသင်းက ငွေကျပ် ၅၀၀၀၀ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

နွေရာသီတွင် သောက်သုံးရေဖြန့်ဝေမှုပြုရာတွင် ပြည်သူများထံသို့ သောက်သုံးရေဂါလန်ပေါင်း ၄၉၄၇၀၀ ဖြန့်ဝေနိုင်ခဲ့ပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းရေး(ဖုံး၊သွန်၊လဲ၊စစ်)လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ လူမှုရေးအဖွဲ့အစည်း ဆောင်ရွက်ချက်များတွင် အသင်းဝင်အင်အား ၃၅၄၆၂၀ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ငွေပဒေသာပင် ၂၁သိန်းစိုက်ထူ**

လူထုလူတန်းစားအလွှာများ အဖွဲ့ခွဲလုပ်ငန်းအနေဖြင့် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များအဖြစ် ကျင်းပသော အခမ်းအနားများတက်ရောက်ခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(၂၀၀၄)ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကြိုဆိုဂုဏ်ပြု မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အမျိုးသမီးငယ်ရွယ်အသိပညာပေး ဟောပြောပွဲများကျင်းပခြင်း၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာဆက်ဆံရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ Internet & e-mail သင်တန်းများနှင့် အခြားသင်တန်းများဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ပညာသင်ထောက်ပံ့ငွေနှင့်ကျောင်းသုံးပစ္စည်းကိရိယာများကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ယခုနှစ်တွင် ပညာရေးနှင့်ကျန်းမာရေးကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍတွင် ကျောင်းများပြုပြင်သည့်အပြင် ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာတွင် မြေအကျယ် ၄ဒသမ၅ဧကပေါ်ရှိ တန်ဖိုး ကျပ်သိန်းပေါင်း ၅၄၀တန် ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းပြီး ပညာသင်ကြားသော ကျောင်းသားများကို နံနက်စာအခမဲ့ကျွေးနိုင်ရေးအတွက် ငွေပဒေသာပင် ၂၁ သိန်း စိုက်ထူပြီး ကျောင်းတွင်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်လုပ်ကိုင်စေခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ရန်ကုန်တစ်တိုင်းလုံးတွင် အကြိမ်၃၆၇၀တွင် အသင်းဝင်ပေါင်း ၁၃၆၈၄၈ဦးပါဝင်ဆောင်ရွက်သဖြင့် ရဟန်းသံဃာများ၊ ကျောင်းဆရာဆရာမများ၊ ပြည်သူများ၏ အထူးကျေးဇူးတင်ရှိကြောင်း ပြန်စာများကို ရရှိခဲ့ပါကြောင်း။

ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးအတွက် စည်းရုံးဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့ဖြင့် မီးလင်းရေးပြုလုပ်ရန်အခက်အခဲရှိသဖြင့် ကျေးရွာများတွင် ရင်းနှီးမတည်ငွေရှိသူများကိုစည်းရုံးလျက် မီးစက်ဝယ်ယူမတည်ပြီး အိမ်များသို့ လျှပ်စစ်မီးအား အခကြေးငွေဖြင့် သွယ်တန်းသည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၁၀တွင် ပုဂ္ဂလိက လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် နယ်လှည့်ပညာပေးရုပ်ရှင်၊ဗီဒီယိုအခွေနှင့် VCDခွေများပြသခြင်းလုပ်ငန်းကို မြို့နယ် ၁၃မြို့နယ်တွင် အင်အား၃၅၄၀၀ဦးအား ပြသနိုင်ခဲ့ပါကြောင်း၊ "**ဖွံ့ဖြိုးတိုးတက်တပ်မတော်အစိုးရလက်ထက်**" ဗီဒီယိုအခွေနှင့် VCD ခွေကို မြို့နယ်၁၄မြို့နယ်တွင် အင်အား၁၉၀၀၀ဦးအား ပြသနိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၏ မှာကြားချက်များ၊ မိန့်ခွန်းများကိုလည်းကောင်း၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ၂၀၀၄ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များကိုလည်းကောင်း အောင်မြင်အောင် ဆောင်ရွက်သွားပါမည်ဟု ကတိပြု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားပြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပထမနေ့အစီအစဉ်များကို မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

## ညှိနှိုင်းအစည်းအဝေးတက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အလားအလာကောင်းများ

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ ၁၉၉၅ ခုနှစ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်ချမှတ်ထားသည့် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ စက်မှုဇုန်များ ဖွဲ့စည်းဖြစ်ပေါ်မှု အပါအဝင် စက်မှုကဏ္ဍတစ်ခုလုံးမှာ မူဝါဒရှိရှိ၊ ရည်မှန်းချက်ရှိရှိ ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ ယခုနှစ်မှစ၍ နိုင်ငံတော်၏ စက်မှုကဏ္ဍကို အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရန် ထပ်မံလမ်းညွှန်မှုပြုရာ မိမိတို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ကော်မတီအဆင့်ဆင့်တို့သည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များနှင့် ဆက်စပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းအောင် ဆက်တိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ အောက်ခြေလုပ်ငန်းခွင်အထိ ကွင်းဆင်းထိတွေ့ မှုတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ထိရောက်သည့် အကျိုးသက်ရောက်မှုများလည်း ပိုမိုရရှိနေကြောင်း၊ ခြုံလိုက်ပါက စက်မှုကဏ္ဍ၏ အခြေအနေမှာ ရည်မှန်းထားသည့်အတိုင်း ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း။

## ပြုစုပျိုးထောင်ပေးနိုင်

မိမိတို့၏ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကစက်ရုံအလုပ်ရုံပေါင်း တစ်သိန်းခန့်ရှိ၍ အရေအတွက်အရ နိုင်ငံပိုင်နှင့် သမဝါယမပိုင်တို့ထက် ပိုမိုများပြားပါကြောင်း၊ ယင်းပုဂ္ဂလိက လုပ်ငန်းများ၌လည်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများက အများစုဖြစ်ကြောင်း၊ အဆိုပါအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို အရည်အချင်းအရ တိုးတက်လာရန် ပြုစုပျိုးထောင် အားပေးနိုင်ရမှာ ဖြစ်ကြောင်း။

ပုဂ္ဂလိက စက်မှုလုပ်ငန်းများမှာ များသောအားဖြင့် အရည်အချင်းအရ အားနည်းနေသည့်အပြင် ပြန့်ကျဲလျက်ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့စက်မှုဇုန်များ၌ စုစည်းထားပြီးသော ပုဂ္ဂလိကစက်ရုံအလုပ်ရုံပေါင်းမှာ ၈၃၀၀ ကျော်သာရှိကြောင်း။

## တွန်းတင်ပေးမည်

သို့ရာတွင် စုစုစည်းစည်းရှိနေသော ယင်းပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အခြေခံပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းတစ်ခုလုံးတိုးတက်လာအောင် တွန်းတင်ပေးရမှာဖြစ်ကြောင်း။

ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အရည်အချင်းအရ ပေါင်းစည်းလာအောင်၊ ဈေးကွက်ဝင်သည့် ပစ္စည်းများ ထုတ်လုပ်လာနိုင်အောင် ပိုမိုအားပေးသွားရန် ဖြစ်ကြောင်း၊ ယင်းသို့အားပေးပျိုးထောင်ရာ၌ နိုင်ငံပိုင် စက်မှုလုပ်ငန်းက ဦးဆောင်မှုပေးသွားနိုင်ရမှာဖြစ်ကြောင်း။

## အထောက်အကူပြုနိုင်

ဤနေရာ၌ စက်မှုသုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းကိုလည်း တစ်ပါတည်း တိုးချဲ့ထူထောင်သွားရန် လိုအပ်လာပါကြောင်း၊ ဈေးကွက်ဝင် ပစ္စည်းများကို ထုတ်လုပ်နိုင်သည့် သုတေသနလုပ်ငန်းများဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို လက်တွေ့ကျကျ အထောက်အကူပြုနိုင်ရမှာ ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ပြောင်းလဲဖြစ်ပေါ်နေသော လုပ်ငန်းလိုအပ်ချက် အခြေအနေများအရ မိမိတို့ဖွဲ့စည်းထားသော ဆပ်ကော်မတီအချို့ကိုလည်း ပြန်လည်ပြုပြင်ရန်လိုအပ်လာကြောင်း။

## အလေးထားသုံးသပ်

နိုင်ငံတော်က အလေးထား အားပေးလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး၊ ဘတ်စ်ကားနှင့် ထရပ်ကား ထုတ်လုပ်ရေးတို့၌ အဓိကအခြေခံကျသည့် သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်း အဆင့်အတန်းမီလာအောင် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးအေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံ၊ အလုပ်ရုံများ ထူထောင်ရေးကို အားပေးလျက်ရှိကြောင်း၊ ယင်းခေတ်မီ စက်ရုံအလုပ်ရုံများက ဈေးကွက်ဝင် စက်ပစ္စည်းများ ပုံမှန်ထုတ်လုပ်ရေးနှင့် လိုအပ်သော ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးတို့ကို အထူးအလေးထား ဆက်စပ်လုပ်ကိုင်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် စုဖွဲ့တာဝန်ပေးမှုများကိုလည်းကောင်း၊ ပညာရှင် လူ့အရင်းအမြစ်များစုဆောင်းရေးတို့ကိုလည်းကောင်း၊ အရင်းအနှီးစုဆောင်းမှုများကိုလည်းကောင်း အလေးထားသုံးသပ်လုပ်ကိုင်သွားရန်လိုကြောင်း။

သို့မှသာ နိုင်ငံတော်၏စေတနာ၊ နိုင်ငံတော်၏ပံ့ပိုး အထောက်အကူပြုထားမှုများအပေါ် အခြေပြုပြီး စက်မှုဇုန်များသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမှာဖြစ်ကြောင်း၊ မိမိတို့ ကော်မတီများအနေဖြင့် အားပေးပျိုးထောင်မှုများကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် သုံးသပ်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း။

## အမျိုးသားရေးလုပ်ငန်း

ဤနေရာ၌ စက်မောင်းဆီကို အစားထိုး ပြောင်းလဲသုံးစွဲသည့် CNG မော်တော်ယာဉ်များကို ရည်မှန်းချက်အတိုင်း တပ်ဆင်ထုတ်လုပ်နိုင်အောင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းက အရှိန်အဟုန်တင်၍ လုပ်ကိုင်စေလိုကြောင်း၊ လိုအပ်သော CNG အရောင်းဆိုင်များ ထူထောင်သွားရမှာဖြစ်သကဲ့သို့ လိုအပ်သည့် ဓာတ်ငွေ့ဆလင်ဒါအိုးများကို ထုတ်လုပ်သော စက်ရုံထူထောင်သွားနိုင်ရန် အရေးကြီးကြောင်း၊ ယင်းကိစ္စသည်လည်း စက်မှုလုပ်ငန်းနှင့် ဆက်စပ်နေသည့် နိုင်ငံတော်အတွက် အရေးကြီးသည့် အမျိုးသားရေးလုပ်ငန်း ဖြစ်နေကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## တာဝန်ပေးထားပြီးဖြစ်

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာ၌၂၀၀၄-၂၀၀၅ ခုနှစ်သည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသော နှစ်ဖြစ်ပါကြောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးဟူသော ဦးတည်ချက်(၃)ရပ်နှင့်အညီ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ အားကြိုးမာန်တက် ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း၊ စက်မှုဇုန်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများအား တာဝန်ပေးထားပြီးဖြစ်ပါကြောင်း။

## ပံ့ပိုးဖြည့်ဆည်းပေးရန်လို

စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို စက်ရုံ အလုပ်ရုံများ တည်ဆောက်လျက်ရှိရာ လိုအပ်သော ကုန်ကြမ်းများ ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများကပံ့ပိုးဖြည့်ဆည်းပေးသွားရန် လိုအပ်ပါကြောင်း။

စက်မှုဇုန်အလိုက် ဘတ်စ်ကားနှင့် ကုန်တင်ကားကြီးများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးထားပြီးဖြစ်ရာ စက်မှုဇုန်များအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဘတ်စ်ကားများ၊ ကုန်တင်ကားကြီးများ ထုတ်လုပ်ပေးသွားရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး Mould and Die စက်ရုံထူထောင်ရေးကိစ္စများ၊ CNG သုံး အင်ဂျင်အဖြစ် ပြောင်းလဲတပ်ဆင်ရေးဆိုင်ရာကိစ္စများ၊ စက်မှုဇုန်များနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာနှင့် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်များတွင် တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျိုစက်ရုံ အလုပ်ရုံများအတွက် ပြည်ပမှ စက်ပစ္စည်းများ မှာယူခဲ့မှုနှင့် စက်ပစ္စည်းများ ရောက်ရှိမှု၊ စက်မှုဇုန်သုံးဇုန်တွင် ခေတ်မီသံရည်ကျိုစက်ရုံ အလုပ်ရုံများ တည်ဆောက်ပြီးစီးနေမှု၊ စက်ရုံများအတွက် ကျွမ်းကျင်သူများ ရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ တိုးချဲ့ထူထောင်ဖွဲ့စည်းထားသည့် အခြေအနေများ၊ အလုံ၊ ဘုရင့်နောင်၊ ကျိုက္ကလို့၊ သာကေတ၊ ဒဂုံမြို့သစ်တို့၌ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်သစ်များ တည်ဆောက်ပြီးစီးသည့် အခြေအနေနှင့် အရောင်းဆိုင်သစ်များ၌ တပ်ဆင်အသုံးပြုသွားမည့် စက်ပစ္စည်းများ၏ အခြေအနေများ၊ CNG အရောင်းဆိုင်တစ်ဆိုင်မှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ဖြည့်ပေးနိုင်မည့် မော်တော်ယာဉ်စီးရေ၊ ပြောင်းလဲတပ်ဆင်သွားမည့် CNG သုံး မော်တော်ယာဉ်များ အရေအတွက်နှင့် လိုအပ်မည့် သဘာဝဓာတ်ငွေ့သုံး အရောင်းဆိုင်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရေနံချောင်း စက်မှုဇုန်၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်တော်ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က Mould and Die စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး မော်တော်ယာဉ်များကို CNG သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆလင်ဒါအိုး ထုတ်လုပ်သည့် စက်ရုံတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က သံနှင့်သံမဏိ လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိရေး၊ ပြည်တွင်းပြည်ပ အပ်ကုန်များရရှိရေး၊ ကျွမ်းကျင်လုပ်သားများ ရရှိရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က စက်မှုလုပ်ငန်းစံချိန်စံညွှန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ သမဝါယမဝန်ကြီးဌာနအိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော စက်မှုလက်မှုလုပ်ငန်းရှင်များက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

## အကြံပြုဆွေးနွေး

ထို့နောက် ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိဂုံးချုပ်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၁၉ရက်က ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ပြည်ထောင်စုမြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် အိန္ဒိယသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသော အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, CISC, PVSM, AVSM, VM & Bar, ADC Chief of the Air Staff အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၁၁-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈:၀၅ | ၆။ | တေးဂီတအစီအစဉ် |
| ၈:၁၅ | ၇။ | စလင်းရေလှောင်တမံ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Grammar made Easy |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁:၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂:၀၅ | ၅။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၃:၁၅ | ၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၄၅) |
| ၁၃:၄၅ | ၇။ | ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ |
| ၁၃:၅၅ | ၈။ | **"ဖွားချစ်က တားမြစ်ထားသည်"** (ဂွမ်းပုံကြီး၊ ချစ်ပြုံး၊ ဝေဖြိုး၊ နွေးနွေး) (ဒါရိုက်တာ-အာယု) |
| ၁၄:၁၅ | ၉။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၁၄:၃၀ | ၁၀။ | ရွှေလီတံတား |
| ၁၄:၄၅ | ၁၁။ | International News |
| ၁၅:၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English For Everyday Use |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇:၁၅ | ၆။ | အကပဒေသာ |
| ၁၇:၃၀ | ၇။ | အတီးပြိုင်ပွဲ |
| ၁၇:၅၀ | ၈။ | တေးဂီတအစီအစဉ် |
| ၁၈:၀၀ | ၉။ | **"ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်"** (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း) |
| ၁၈:၁၅ | ၁၀။ | တေးဂီတအစီအစဉ် |
| ၁၈:၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၃။ | Discovery |
| ၁၉:၁၀ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၃၃) |
| ၁၉:၃၅ | ၁၅။ | ထက်မြက်ထူးချွန် ပညာရည်မွန် အပိုင်း (၂) |
| | ၁၆။ | ဖြစ်ထွန်းစီးပွား ဧရာဝတီတိုင်းမှ ပုသိမ်တံတား |
| ၂၀:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"**(အပိုင်း-၁၈) |

## အင်းစိန် မင်းကွန်းတောရ မဟာဘုံကထိန်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၉**

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ရန်ကုန်ဗဟန်းမင်းကွန်းတောရတိုက်ခွဲ အင်းစိန်မင်းကွန်းတောရစာသင်တိုက်၏ အကြိမ်(၆၀)မြောက် ကထိန်သင်္ကန်းကပ်လှူပွဲတွင် သံဃာတော်အရှင်မြတ် အပါး ၆၀ ကျော်တို့အား ဆွမ်းသင်္ကန်းလှူဖွယ်ဝတ္ထုအစုစုတို့ကို ရန်ကုန် ဗဟန်းမင်းကွန်းတောရ သာသနာနုဂ္ဂဟအသင်းခွဲ အင်းစိန် မင်းကွန်းသာသနာနုဂ္ဂဟအသင်းနှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ နိုဝင်ဘာ ၂၆ရက် (သောကြာနေ့)တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ နံနက် ၉နာရီခွဲတွင် ရေစက်ချ အနုမောဒနာတရားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## အချိန်အခါမဟုတ်မိုးရွာမည်

ရန်ကုန် နိုဝင်ဘာ ၁၉

**ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ရခိုင်ပြည်နယ်တောင်ပိုင်း၊ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း နေရာကွက်ကျားမိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။**

# ဖားကန့် တွင် မိုးသောက်ပန်းကျေးရွာစာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ရှင်း၊ မဂ္ဂဇင်းဂျာနယ်များလှူဒါန်း

ဖားကန့် အောက်တိုဘာ ၃၀

**ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ မိုးသောက်ပန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၈ရက်က အဆောက်အအုံသစ် စာကြည့်တိုက်တွင် ကျင်းပရာ ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေလွင်နှင့် လယ်ပြင်ကျေးရွာ ရာအိမ်မှူး ဦးကျော်တင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။** (အောက်ပုံ)

ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေလွင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မိုးသောက်ပန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ တက်ရောက်လာကြသည့် အလှူရှင်များက သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများ စုစုပေါင်း ၆၂၄ အုပ်နှင့် အလှူငွေကျပ် ၁၃၆၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ်ပြန်/ဆက်)**





# ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**မတ္တရာ နိုဝင်ဘာ ၁**

မတ္တရာမြို့နယ် လင်းမွေကျောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က အဆိုပါကျေးရွာရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလင်းကြည်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အဖွဲ့ဝင်(၂)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်သံ-၃ဒေါ်ဆွေဆွေတင့်က စာပေဖတ်ရှုခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နယ်မြေတာဝန်ခံ အလုပ်အမှုဆောင်ဦးလှမြင့်က စာအုပ် ၄၉ အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် ၅၀ မန္တလေးမြို့ ဦးခင်မောင်အေး- ဒေါ်စိန်စိန်အေးတို့က စာအုပ် ၁၀၂ အုပ်၊ ဦးမောင်မောင်တင်-ဒေါ်မြမြတို့က စာအုပ်၁၀၀ နှင့် ဦးတင်လှိုင်- ဒေါ်အေးမြတို့က စာအုပ် ၅၀တို့ကို ကျေးရွာစာကြည့်တိုက်အတွက် မတည်ပေးအပ် လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရှင်းလင်းပြသ

**အောက်တိုဘာ ၁၀ရက်က မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်ဆိုင်းဘုတ်ဆေးသုတ်ခြင်း၊ မြက်ပင်များရှင်းလင်းခြင်း ဆောင်ရွက်မှုကို ပြည်နယ် အမှုဆောင်အရာရှိ ဦးသက်နှင်းဦးက ကွင်းဆင်းစစ်ဆေးရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့က ရှင်းလင်းပြသကြစဉ်။** (မြို့နယ် စည်ပင်)

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

**နိုဝင်ဘာ ၈ ရက်က ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဦးပြုံးချိုလမ်းဘေး တစ်လျှောက်တွင် စိုက်ပျိုးထားသော မြက်ခင်းနှင့်ပန်းအလှပင်များကို မြေခင်းအလှပြုပြင်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးမြင့်မောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)



# ကျေးလက်စာကြည့်တိုက်များ အစဉ်ရှင်သန်ရေး စည်းဝေး ဖွင့်လှစ်နိုင်မှုနှင့်ကူညီဆောင်ရွက်ပေးမှု ဂန့်ဂေါ၌ဆွေးနွေး

ဂန့်ဂေါ နိုဝင်ဘာ ၄

**ကျေးလက်စာကြည့်တိုက်များ အစဉ်ရှင်သန်တိုးတက်ရေး ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ခရိုင်အတွင်းရှိ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၂ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်သန်းထွန်းက စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှု အခြေအနေကိုလည်းကောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က စာကြည့်တိုက်များရှင်သန်ရေးကူညီ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်သန်းထွန်းက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

**ဖွင့်လှစ်နိုင်**

ဂန့်ဂေါခရိုင်၌ ဂန့်ဂေါမြို့နယ်တွင် ကျေးလက်စာကြည့်တိုက် ၉၈ ခု၊ ထီးလင်းမြို့နယ်တွင် ၆၅ခု၊ ဆောမြို့နယ်တွင် ၇၂ခု၊ ကျောက်ထုဒေသတွင် ၄၅ခု ဖွင့်လှစ်နိုင်ပြီးဖြစ်သည်။ **(အောက်ပုံ)** **(၂၇၃)**





# ပြင်စည်စံပြကျေးရွာအထကသို့ မီးစက်လှူဒါန်း

နွားထိုးကြီး နိုဝင်ဘာ ၅

**နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းပညာရည်မြင့်မားရေးအတွက် မီးစက်ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၀ ရက်က ပြင်စည်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မြနန္ဒာကျောင်းဆောင်ခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ပိုတို့က အမှာစကား ပြောကြားကြပြီး အလှူရှင် ရန်ကုန်မြို့ ဘုရင့်နောင်နေ ဦးကျော်ကျော်ဦး၊ ဒေါ်အိအိစံ ကျော်မင်းဦးသယ်ယူပို့ဆောင်ရေးမိသားစုကိုယ်စား ဦးသိန်းနိုင်က ငွေကျပ်၃၁၀၀၀၀၀တန်ဖိုးရှိမီးစက်အား မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ပိုတို့ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** **(၂၁၃)**

# ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လုပ်ငန်းစီမံချက် အသိပေးဆွေးနွေး

**ရေဦး နိုဝင်ဘာ ၂**

ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း စီမံချက်နှင့်ပတ်သက်၍ မြို့နယ်အဆင့် အသိပေး ဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ကြည်အေးက ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ အသိပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျန်းမာရေးမှူးအဆင့်(၁)ဦးဝင်းမောင်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကျေးလက်ကျောက်ချောလမ်း ဖျူးမြို့နယ်၌ ခင်း

**ဖျူး နိုဝင်ဘာ ၁၂**

ဖျူးမြို့ သာယာလှပရေးအတွက် ညောင်ပင်သာကျေးရွာ ဇေယျာသီရိလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ထွန်းတို့သည် နိုဝင်ဘာ ၈ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။ ယင်းလမ်းမှာ အရှည် ၁၅၇၂ ပေ၊ အကျယ် ၁၀ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ် ၅၉၇၀၄၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြသည်။

**(မြို့နယ် စည်ပင်)**







## ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပြည်နယ်တိုင်း ဒေသအသီးသီးရှိ အောက်ဖော်ပြပါ မော်တော်ယာဉ်ဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ယာဉ်အမျိုးအစား | အရေအတွက် | ယာဉ်တည်နေရာ |
|---|---|---|---|
| ၁။ | မော်တော်ယာဉ်မျိုးစုံ | ၃၇ စီး | မန္တလေးတိုင်း |
| ၂။ | ။ | ၁၉ စီး | ရှမ်းပြည်နယ် (မြောက်) |
| ၃။ | ။ | ၁၈ စီး | ကချင်ပြည်နယ် |
| ၄။ | ။ | ၁၃ စီး | ရှမ်းပြည်နယ် (အရှေ့ပိုင်း) |
| ၅။ | ။ | ၆ စီး | ရှမ်းပြည်နယ် (တောင်ပိုင်း) |
| ၆။ | ။ | ၇ စီး | ကရင်ပြည်နယ် |
| ၇။ | ။ | ၂ စီး | ပဲခူးတိုင်း (အနောက်) |
| ၈။ | ။ | ၁ စီး | ဧရာဝတီတိုင်း |
| ၉။ | ။ | ၁ စီး | ရခိုင်ပြည်နယ် |
| ၁၀။ | ။ | ၃ စီး | ချင်းပြည်နယ် |

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက်** – ၂၃-၁၁-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း

၃။ **တင်ဒါစတင် တင်သွင်းရမည့်နေ့ရက်** – ၂၄-၁၁-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** – ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အမှတ်၆၂၂ (ဒုတိယထပ်)၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။

၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်** –

(၁) မန္တလေးတိုင်းရှိ ယာဉ်များအတွက် ၂၀-၁၂-၂၀၀၄နေ့ (၁၀း၀၀)နာရီထိ
(၂) ရှမ်း(မြောက်)ဒေသရှိ ယာဉ်များအတွက် ၂၃-၁၂-၂၀၀၄နေ့ (၁၀း၀၀)နာရီထိ
(၃) ကချင်ပြည်နယ်ရှိ ယာဉ်များအတွက် ၂၄-၁၂-၂၀၀၄နေ့ (၁၀း၀၀)နာရီထိ
(၄) ရှမ်း(အရှေ့)နှင့်ရှမ်း(တောင်)ဒေသရှိ ယာဉ်များအတွက် ၂၇-၁၂-၂၀၀၄နေ့ (၁၀း၀၀)နာရီထိ
(၅) ကရင်၊ ပဲခူး (အနောက်) ဧရာဝတီ၊ ရခိုင်နှင့် ချင်းပြည်နယ်ရှိယာဉ်များအတွက် ၂၈-၁၂-၂၀၀၄နေ့ (၁၀း၀၀)နာရီထိ

၆။ **တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန်** –

(၁) မန္တလေးတိုင်းရှိ ယာဉ်များအတွက် ၂၀-၁၂-၂၀၀၄နေ့ (၁၁း၀၀)နာရီ
(၂) ရှမ်း(မြောက်)ဒေသရှိ ယာဉ်များအတွက် ၂၃-၁၂-၂၀၀၄နေ့ (၁၁း၀၀)နာရီ
(၃) ကချင်ပြည်နယ်ရှိ ယာဉ်များအတွက် ၂၄-၁၂-၂၀၀၄နေ့ (၁၁း၀၀)နာရီ
(၄) ရှမ်း(အရှေ့)နှင့် ရှမ်း(တောင်)ဒေသရှိ ယာဉ်များအတွက် ၂၇-၁၂-၂၀၀၄နေ့ (၁၁း၀၀)နာရီ
(၅) ကရင်၊ပဲခူး(အနောက်)ဧရာဝတီ၊ ရခိုင်နှင့် ချင်းပြည်နယ်ရှိ ယာဉ်များအတွက် ၂၈-၁၂-၂၀၀၄နေ့ (၁၁း၀၀)နာရီ

၇။ **တင်ဒါဖွင့်လှစ်မည့်နေရာ** – ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်၆၂၂၊ (ဒုတိယထပ်) ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။

၈။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၂၅၀၀/-(ကျပ်နှစ်ထောင့် ငါးရာတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်**
**စစ်ဆေးရေးဦးစီးဌာန ။**

# ကျောက်ဆည်မြို့ ရွှေသာလျောင်း ဆင်လှူပွဲတော် ရိုးရာယဉ်ကျေးမှု ဆင်ပြိုင်ပွဲကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၇**

ကျောက်ဆည်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေသာလျောင်း ဆင်လှူပွဲတော် ရိုးရာယဉ်ကျေးမှု ဆင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ရက် နံနက်၈နာရီက ရွှေသာလျောင်းတောင်ခြေကွင်း ဗဟိုဆုပေးမဏ္ဍပ်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦးတို့က ရိုးရာယဉ်ကျေးမှု ဆင်ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**စုပေါင်းကပြဖျော်ဖြေ**

ထို့နောက် ဆင်ဖြူတော် နှစ်စီးအပါအဝင်၊ ဆင်တော်မင်္ဂလာ၃၂စီးတို့က အောင်စေပိုင်စေ သီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ ဧရာမောင်ဆင်အဖွဲ့၊ ရွှေမိုးထောင်ဆင်အဖွဲ့နှင့် ယဉ်ကျေးမှု မိုးဇော်ဆင်အဖွဲ့တို့က ဖျော်ဖြေကြသည်။



**အောက်တိုဘာ ၁၂ရက်က မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေအား သာယာဝတီခရိုင် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးဖေအောင်သူက ကြည့်ရှု စစ်ဆေးရာ၌ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းက ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။** (မြို့နယ် စည်ပင်)

**ပေးအပ်ချီးမြှင့်**

ထို့နောက် ရိုးရာယဉ်ကျေးမှု ဆင်ပြိုင်ပွဲကို ဆက်လက်၍ ကျင်းပရာ ဘော်ကြယ်ဆင်ငါးစီး၊ ရိုးရာဆင်ရှစ်စီးနှင့် ကလေးဆင်ငါးစီးတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ညပိုင်းတွင် ဘော်ကြယ်ဆင် ပထမဆုရ ယဉ်ကျေးမှု မိုးဇော်ဆင်အဖွဲ့၊ ရိုးရာဆင် ပထမဆုရ ဇော်ဂျီမောင်ဆင်အဖွဲ့၊ ကလေးဆင် ပထမဆုရ ရွှေဘော်လုံးဆင်အဖွဲ့နှင့် ပြိုင်ပွဲဝင်အသက်အကြီးဆုံးဆင် ပထမဆုရ နွဲ့ဆိုးဆင်အဖွဲ့ (၅၆)နှစ်အပါအဝင် ဆုရဆင်အဖွဲ့များကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(က-ပ)**



# သံတောင်မြို့နယ် ထွေ/အုပ် မိသားစုနေ့ကျင်းပ

**သံတောင် နိုဝင်ဘာ ၁၃**

၂၀၀၄ခုနှစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့ အခမ်းအနားကို ကရင်ပြည်နယ် သံတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမဆောင်၌ နိုဝင်ဘာ ၇ရက်က ကျင်းပသည်။

အခမ်းအနားတွင် သံတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုက အမှာစကားပြောကြားသည်။ ထို့နောက် ဆုရရှိကြသူများအား ဆုများချီးမြှင့်ခြင်းနှင့် ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(၃၇၂)**

**နိုဝင်ဘာ ၉ရက်က ကြို့ပင်ကောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် လေယာဉ်ပျံကန်တွင် သောက်သုံးရေကန် သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။** (၀၄၀)



# ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်/ချုပ် သင်တန်းကျောင်းဖွင့်မည့်မြေနေရာ စစ်ဆေး

**ပူတာအို နိုဝင်ဘာ ၁၅**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၀ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသစ် ဖွင့်လှစ်ရန်ရွေးချယ်ထားသည့် မြေနေရာကိုလည်းကောင်း၊ နိုဝင်ဘာ ၁၁ရက်တွင် ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်းကိုလည်းကောင်း စစ်ဆေး၍ ဝန်ထမ်းများ၊ ကျောင်းသားများအား တွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ညွှန်ကြားရေးမှူးချုပ်သည်နိုဝင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း အမှတ်(၂)ဖွင့်လှစ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား အဝတ်အထည်နှင့် ဗလာစာအုပ်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်လမ်းညွှန်ထား

# စက်မှုကဏ္ဍအခြေအနေမှာ ရည်မှန်းထားသည့်အတိုင်း အလားအလာကောင်းများရှိနေပြီ

## စက်မောင်းဆီအစားထိုး စီအင်န်ဂျီမော်တော်ယာဉ်များ ရည်မှန်းချက်အတိုင်းထုတ်လုပ်နိုင်ရေး

## နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းက အရှိန်အဟုန်မြှင့်တင်ပြီး လုပ်ကိုင်စေလို

**ရန်ကုန် နိုဝင်ဘာ ၁၉**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၅/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဥ္စကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ ●**





စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၅/၂၀၀၄)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

# အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး

# အမျိုးသားရေးတာဝန်အကောင်အထည်ဖော်မည့် အမျိုးသားရေးအင်အားစုကြီးရှိရမည်

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် မျိုးဆက်သစ်လူငယ်များကိုမဏ္ဍိုင်ပြုထား

# နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး လူထုနှင့်လက်တွဲဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ပထမနေ့အစီအစဉ်များကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမဥ္စကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊အတွင်းရေးမှူးများ၊ဗဟိုအလုပ်အမှုဆောင်များ၊ပြည်နယ်နှင့်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအုန်းမြင့်နှင့် ဦးမောင်မောင်သိမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းခိုင်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)

**စာမျက်နှာ ၃ ကော်လံ ၁ ✻**





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ပထမနေ့တွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)